ကောင်းသန့်

# ပြည်သူ့အစိုးရဆိုသည်မှာ...

နှင့်

## အခြားနိုင်ငံရေးဆောင်းပါးများ

# အခန်း(၁)

## ကောင်းသန့်

## ပြည်သူ့အစိုးရဆိုသည်မှာ . . .

## ပြည်သူ့အစိုးရဆိုသည်မှာ . . .နှင့် ပတ်သက်သော စာရေး သူ၏ ဝန်ခံအတည်ပြု ဖြောင့်ချက်

The Politics နိုင်ငံရေး ဂျာနယ်ကို ရည်ရွယ်ချက် (၃) ရပ်ဖြင့် ကျွန်တော် စီစဉ်ထုတ်ဝေခဲ့ပါသည်။

စာဖတ်သူများ အား နိုင်ငံရေး အသိအမြင် ဗဟုသုတမျှဝေပေးရန်၊အစိုးရနှင့် နိုင်ငံရေး ပါတီများ ၏ အားနည်းချက်၊ အားသာချက်များ ကိုဝေဖန်ထောက်ပြအကြံပြုရန်နှင့် ဒီမိုကရေစီနိုင်ငံတော် သစ် ပေါ်ထွန်းလာရေး အတွက် တွန်းအားပေးရန်တို့ ဖြစ်ပါသည်။

ထိုရည်ရွယ်ချက်ဖြင့် Cover Story များ ကို ကျွန်တော် ရေး ခဲ့ပါသည်။

တစ်ဦး တစ်ယောက် ကို ထိခိုက်နစ်နာစေချင်သော စိတ်ကူးမရှိ။

နိုင်ငံတော် အစိုးရကို အကြည်ညိုပျက်စေလိုသော ဆန္ဒစွဲမရှိ။ ပါတီများ အပေါ် ပြည်သူများ အထင်မြင်လွဲမှား စေအောင် ရေး သားလိုစိတ်မရှိ။ဒီမိုကရေစီနိုင်ငံတော် သစ်ဖြစ်ထွန်းရေး တွန်းအားပေးသည့်အနေဖြင့် မှား ယွင်းနေသော အခြေအနေ ဖြစ်ရပ်များ ၊ ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီသော အကြောင်းအရာ အချက်အလက်များ ကို တရားဥပဒေစိုးမိုးမှု ကိုအံတုစိန်ခေါ်နေမှု များ အား ဖော်ထုတ်ရေး သားခဲ့ပါသည်။

ပြည်သူတွေ ၏ ဆင်းရဲဒုက္ခလျော့နည်းပပျောက်၍ ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး အလျင်အမြန် ဖြစ်ပေါ်စေချင်သော စိတ်စေတနာကောင်းဖြင့် ရေး သားခြင်းသာ ဖြစ်ခဲ့ပါကြောင်းဝန်ခံအတည်ပြုဖြောင့်ချက်ပေးပါသည်။

•••

# အခန်း(၂)

## ၂၀၁၅ မှာ ဘယ်သူ့ကို သမ္မတ ရွေးမလဲ

ကျွန်မအာဏာလိုချင်တယ်။ နိုင်ငံရေး အာဏာရမှ အစိုးရအာဏာရမှ ကျွန်မတို့လုပ်ချင်တဲ့ ကိစ္စတွေ ကို နိုင်ငံအတွက် လုပ်ပေးနိုင်မှာ မို့ လိုချင်တယ်လို့ပြောတာ။ ကျွန်မက ပြည်သူလူထုအတွက်လုပ်တာမို့ အာဏာကိုလိုချင်ပါတယ်။ ကျွန်မ ရှင်းရှင်းပဲပြောပါမယ်။ ပြည်သူလူထုအတွက်လုပ်တာမို့ အာဏာလိုချင်ပါတယ်လို့ ကျွန်မပြောချင်ပါတယ်။ အစိုးရအာဏာမရဘဲနဲ့ ကိုယ်လုပ်ချင်သလို ဘယ်လိုလုပ်နိုင်မှာ လဲ။ ပြည်သူအတွက် လုပ်တယ်ဆိုတာလည်း ကျွန်မကောင်းကျိုးပဲ။ ဘာ ဖြစ်လို့လဲဆိုတော့ ကျွန်မလည်း ပြည်သူတွေ ထဲက တစ်ယောက် ပဲဟု ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၂၊ ၂၃ ရက်တွင် တနင်္သာရီတိုင်း ဒေသကြီးအတွင်း ၇ှိ မြိတ်-ကော့သော င်း-ကံမော် ကျွန်းစုခရီးစဉ်အတွင် း ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထိုစကားကို စကားပြော အလွန်လိမ္မာပါးနပ်သော ဒေါ်အောင်ဆန်းစုကြည် အချိန်တန်၍ ဖွင့်ပြောခြင်း ဖြစ်နိုင်သည်။

အဆိုးမြင်သူများ ကတော့ တစ်ချိန်တုန်းက ပြောခဲ့သလို၊ အာဏာကိုဖြတ်လမ်းနည်းဖြင့် လိုချင်သည်။ အာဏာရူးသည် စသဖြင့် ဝေဖန်အပုပ်ချနိုင်သည်။

ဒေါ်အောင်ဆန်းစုကြည် အာဏာရူး၊ မရူးဆိုတာ ပြည်သူတွေ သိသည်။ ပြည်သူဆိုရာ၌ လူတိုင်းကို မဆိုလို၊ ဒုက္ခဆင်းရဲမျိုးစုံတွေ ့ကြုံခံစားနေရသူများ ၊ မတရားမှု မျ ုးစုံ ကိုယ်တွေ ့ကြုံခဲ့ကြသူများ ဘယ်သူ ့ကြောင့် တိုင်းပြည်ဆင်းရဲမွဲတေသွားကြောင်း သိခဲ့ကြသူများ ကိုသာဆိုလိုသည်။

ဒေါ်စု အာဏာလိုချင်ကြောင်း ဘာကြောင့်ပြောသနည်း။

အမှန်တကယ် လိုအပ်၍ ရိုးသားစွာ ပြောခြင်းဟု ပြည်သူအများ စုက ယုံကြည်ကြသည်။ နိုင်ငံရေး လုပ်ခြင်းသည် ပြည်သူ့အကျိုးသယ်ပိုးရန် ဖြစ်သည်။ ပြည်သူ့အကျိုး သယ်ပိုးရန်အတွက် စီမံခန့်ခွဲနိုင်သော အာဏာလိုသည်။

လက်ထဲတွင် လုပ်ပိုင်ခွင့် အာဏာမရှိဘဲ ဘာမျှမလုပ်နိုင်။ အကြံပေးတင်ပြရုံကလွဲ၍ ဘာမျှမတတ်နိုင်။ လွှတ်တော် တွင် တရားဥပဒေစိုးမိုးရေး ဥက္ကဋ္ဌ ခန့်အပ်ခြင်းခံရသော်လည်း တရားဥပဒေကိုလက်တစ်လုံးခြားလှည့်စား၍ ကြီးပွားအောင် လုပ်နေသူများ ၊ တရားဥပဒေအထက်တွင် နေ၍ ကြီးပွားနေကြသူများ ၊ တရားဥပဒေစိုးမိုးရေး အတွက်တာဝန်ရှိပါလျက် ပျက်ကွက်နေသူများ ကို လုပ်ပိုင်ခွင့်အာဏာရှိသော အစိုးရအဖွဲ့သို့ အရေး ယူရန် တိုင်ကြားပေးနိုင်သော အဆင့်ပဲရှိသည်။

ပြည်သူများ ၏ လိုလားချက်ကို တာဝန်ခံဆောင်ရွက်ပေးနိုင်သော အနေအထားမရှိ။ ပြည်သူများ လိုချင်သော ဒီမိုကရေစီလူ့အခွင့်အရေး ကို လွှတ်တော် ကိုယ်စားလှယ် တစ်ယောက် အနေဖြင့်ထိထိရောက်ရောက် လုပ်ပေးနိုင်ရန် အခွင့်အလမ်းနည်းမည် ဟုထင်ပါသည်။

နေရာဒေသများ စွာ တွင် တရားမျှတမှု မရှိခြင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်း၊ အခွင့်ထူးခံပုဂ္ဂိုလ်များ အဖွဲ့အစည်းများ ၏ နိုင်ထက်စီးနင်းလုပ်နေခြင်း၊ တချို့သော အာဏာပိုင်များ ကလည်းဥပဒေကို ကိုယ်လိုရာဆွဲ၍ ထင်ရာပြုနေခြင်းတို့ကြောင့် ပြည်သူတို့ဆင်းရဲတွင် းနက်၍ အိပ်မက်ဆိုးများ မက်နေကြရဆဲ။

ထိုအိပ်မက်ဆိုးများ ကို ဘယ်သူဖယ်ရှားပေးမည် နည်း။

သမ္မတကြီး ဦးသိန်းစိန်သည် ထိုအိပ်မက်ဆိုးများ ကို ဖယ်ရှားပေးရန် ကြိုးပမ်းအားထုတ်ခဲ့၏ ။ သူ၏ အားထုတ်ကြိုး ပမ်းမှု ကြောင့်စစ်အာဏာရှင်အစိုးရ အုပ်ချုပ်ရေး မှ ဒီမိုကရေစီအရပ်သားအစိုးရသို့သွေးထွက်သံယိုမှု မရှိဘဲ ညင်ညင်သာသာပြောင်းလဲနိုင်ခဲ့၏ ။ တစ်ကမ္ဘာလုံးက ချီးကျူး ခဲ့ကြသည်။

ကမ္ဘာက အံ့အားသင့်လောက်သော အပြောင်းအလဲတွေ ဖြစ်ခဲ့၏ ။ အတိုက်အခံ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်တိုင်ရွေးကောက်ပွဲဝင်၍ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခဲ့၏ ။

စာနယ်ဇင်းလွတ်လပ်ခွင့်ပေးပြီး စာပေစိစစ်ရေး ကို ကန့်လန့်ကာနောက်ကွယ်သို့ ပို့လိုက်သည်။ ပြောခွင့် ဆိုခွင့်တွေ အတော် များများ ပေးထား၏ ။ မြင်သာသော အပြောင်းအလဲကောင်းတွေ ပြခဲ့၏ ။

အမေရိကန်သမ္မတ အိုဘားမားကိုယ်တိုင် လာရောက်မိန့်ခွန်းပြောရသည်အထိ အကြီးအကျယ်ပြောင်းခဲ့၏ ။ သမ္မတကြီးဦးသိန်းစိန်ကိုပင် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုပေးရန် နောက်ဆုံးဆန်ခါတင်အဆင့်ထိ ရွေးချယ်ခဲ့ကြသေး၏ ။

လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲမှု ကို ကိုယ် ဖြစ်စေချင်သလို မ ဖြစ်သေး၍ ဘာမှုမပြောင်းလဲသေးဘူးဟု မျက်စိမှိတ်ငြင်း၍ တော့မရ။ အတတ်နိုင်ဆုံး ကြိုးစားပြောင်းနေ၏ ။

လွှတ်တော် ဥက္ကဋ္ဌကြီးများ ကလည်း ပြည်သူတွေ အကျိုးရှိမည့် ဥပဒေများ ကို ပြဋ္ဌာန်း၍ ပြည်သူများ ၏ အကျိုးစီးပွားကို ဆန့်ကျင်သော ဥပဒေများ ကို ပယ်ဖျက်ရန် အစွမ်းကုန် ကြိုး စားနေကြသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ကလည်း မဲဆန္ဒရှင်ပြည်သူများ ကို ကိုယ်စားပြု၍ ပြည်ထောင်စုဝန်ကြီးများ ကို မကြောက်မရွံ့ မေးခွန်းတွေ ထုတ်နေကြ၏ ။

အားလုံးအလုပ်လုပ်နေကြပါသည်။ သို့သော် အောက်ခြေပြည်သူများ အပြောင်းအလဲကို မခံစားရသေး။ မြန်မာ့ဒီမိုကရေစီအရေး နှစ် နှစ် ကြာမြင့်ပြီ ဖြစ်သော လည်း ပြည်သူများ ၏ ဘဝ အပြောင်းအလဲမရှိသေးကြောင်း မြိတ်မြို့ တွင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပြောခဲ့သည်။

ထို့အတူ နိုင်ငံတော် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ တွင် ပြည်သူကိုဗဟိုပြု၍ ဆောင်ရွက်နေကြောင်း နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ကလည်း ဒီဇင်ဘာ ၂၂ ရက် ညပိုင်းတွင် နယူးဒေလီမြို့ ရှိ Taj Mahal ဟိုတယ်၌ သံရုံးမိသားစုဝင်များ နှင့် အာဆီယံ

အိန္ဒိယကားမောင်းပြိုင်ပွဲဝင် မြန်မာနိုင်ငံမှ အနုပညာရှင်များ အား တွေ့ဆုံပွဲတွင် ပြောကြားခဲ့သေးသည်။

ပြည်သူတွေ ၏ တကယ့်ဘဝအပြောင်းအလဲကား ယခုတိုင် ဖြစ်မလာနိုင်သေး။ ဘာကြောင့် နည်း။

ပြည်သူများ ထိတွေ့ဆက်ဆံရသော ရုံး၊ ဌာနများ တွင် လာဘ်ပေး၊ လာဘ်ယူမှုများ နှင့် နေ့စဉ်ရင်ဆိုင်နေရသည်။ ပြည်သူများ ၏ သွားရေး လာရေး ကိစ္စများ တွင် ပိုက်ဆံကောင်းကောင်းပေးနိုင်မှအဆင်ပြေတာမျိုးရှိသော် လည်း အများ စုမှာ ကား၊ ရထားများ တွင် ကျပ်ကျပ်သပ်သပ် တိုးဝှေ့စီးနေရဆဲ။

ပညာရေး ၊ ကျန်းမာရေး ကိစ္စများ တွင် လည်း ငွေမရှိက အတိဒုက္ခရောက်၏ ဟူသော ဘဝသင်ခန်းစာကို သင်ယူနေကြရဆဲ။

အာဏာပိုင်၊ ဦးပိုင်နှင့် ခရိုနီ လူတစ်စုလက်ထဲတွင် စီးပွားရေး မှန်သမျှ လက်ဝါးကြီးအုပ် သိမ်းပိုက်ခံထားရသဖြင့် စီးပွားရေး အခွင့်အလမ်းတချို့ကို အလယ်လတ်တန်းစား စီးပွားရေး လုပ်ငန်းရှင်များ က လက်ဝေခံလုပ်ကြရ၏ ။

စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်းလုပ်ဖို့ထက် တစ်ဦးတည်း သိန်းထောင်ချီမြတ်နိုင်သော စီးပွားရေး ခွင်ကို ရှာဖွေရောင် းစားကြီးပွားလာကြသော ကြောင့် မြန်မာနိုင်ငံတွင် ထားစရာမရှိ လူတန်းစားနှင့်စားစရာမရှိ လူတန်းစားဟူ၍ သိသိသာသာကွဲပြားခြားနားလာသည်။

ပြည်သူအများ စုမှာ အရောင် းအဝယ်ကလည်းမကောင်း၊စိုက်ပျိုးထုတ်လုပ်ကုန်လည်း ဟန်မကျ၊ အလုပ်အကိုင်အခွင့်အလမ်းကလည်း ရှားပါးလွန်းသဖြင့် ဘွဲ့ရပညာမတတ်များ ဘာလုပ်ရမှန်းမသိ။

အိမ်ထောင်စုအတော် များများ ကုန်ဈေးနှုန်းကြီးမြင့်မှု ဒဏ်ကို လှိမ့်ပိန့်ခံနေကြရ၏ ။

သည့်လို အခြေအနေမျိုးမှ ကယ်တင်လိုသော ကြောင့်ဒေါ်အောင်ဆန်းစုကြည်က သမ္မတလုပ်လိုသည်။ အာဏာယူချင်သည်ဟု ဆိုစေဦးတော့ ...။

ဒေါ်အောင်ဆန်းစုကြည် ၂၀၁၅ ခုနှစ် တွင် သမ္မတ ဖြစ်နိုင်ပါသလား။

လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေအရဆိုသော် ဒေါ်စု သမ္မတ ဖြစ်ခွင့်မရှိပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတအရွေးခံနိုင်ခွင့်ရှိသူ၏ အရည်အချင်းကို တိတိကျကျဖော်ပြထားသည်။

(က) နိုင်ငံတော် နှင့် နိုင်ငံသားများ အပေါ် သစ္စာရှိသူ ဖြစ်ရမည် ။

(ခ) မိမိနှင့်မိမိ၏ မိဘနှစ် ပါးလုံး နိုင်ငံတော် ၏ အာဏာပိုင်နက်အတွင်း ၌ မွေးဖွားသော တိုင်းရင်းသားမှ ဖြစ်သည့် မြန်မာနိုင်ငံသား ဖြစ်ရမည် ။

(ဂ) ရွေးချယ်တင်မြှောက်ခြင်းခံရသူသည် အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရမည် ။

(ဃ) နိုင်ငံတော် အရေး အရာများ ဖြစ်သော နိုင်ငံရေး ၊ အုပ်ချုပ်ရေး ၊ စီးပွားရေး ၊ စစ်ရေး စသည့် အမြင်များ ရှိရမည် ။

(င) သမ္မတအ ဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း အနည်းဆုံး အနှစ် ၂၀ နိုင်ငံတော် တွင် အခြေချနေထိုင်ခဲ့သူ ဖြစ်ရမည် ။

ခြွင်းချက် - နိုင်ငံတော် ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားကိုတရားဝင်သွားရောက်သည့် ကာလများ ကိုလည်း နိုင်ငံတော် တွင် အခြေချနေထိုင်ခဲ့သည့်ကာလအ ဖြစ် ထည့်သွင်းရေတွက်ရမည် ။

(စ) မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိ၏ မိဘတစ်ပါးပါးသော လည်းကောင်း၊ မိမိဇနီး သို့ မဟုတ် ခင်ပွန်းသော် လည်းကောင်း၊ မိမိ၏ တရားဝင်သားသမီး တစ်ဦးဦးသော် လည်းကောင်း၊ ထိုတရားဝင်သားသမီးတစ်ဦးဦး၏ ဇနီး

သို့မဟုတ်ခင်ပွန်းသော်လည်းကောင်း နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော် ကို ခံယူစောင့်ရှောက်ရှိသေသူ သို့မဟုတ်နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူ သို့ မဟုတ်တိုင်းတစ်ပါး၏ နိုင်ငံသား ဖြစ်သူများ မ ဖြစ်စေရ။ ထိုသူများ သည် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော်လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသော အခွင့်အရေး များ နှင့် ကျေးဇူးခံစားခွင့်များ ကိုခံစားနိုင်ခွင့်ရှိသူများ မ ဖြစ်စေရ။

(ဆ) လွှတ်တော် ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများ အပြင်နိုင်ငံတော် သမ္မတအတွက် သီးခြားသတ်မှတ်ထားသော အရည်အချင်းများ နှင့် လည်း ပြည့်စုံရမည် ။

ဒေါ်စုသည် သမ္မတအရွေးခံနိုင်ခွင့်ရှိသူ၏ အရည်အချင်းသတ်မှတ်ချက် (စ) နှင့် မကိုက်ညီ၊ ငြိနေသည်။

သို့ ဆိုလျှင် မည် သူသည် သမ္မတ ဖြစ်နိုင်ပါသနည်း

သမ္မတကြီးဦးသိန်းစိန်ကလည်း ပြန်အရွေးခံပြီး သမ္မတဆက်လုပ် နိုင်သည်။

ပြည်သူ့လွှတ်တော် ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးများ လည်း လုပ်နိုင်သည်။ ဒုသမ္မတများ ၊ ပြည်ထောင်စုဝန်ကြီးများ ကလည်းလုပ်နိုင်သည်။

၂၀၁၀ ရွေးကောက်ပွဲကလို အနိုင်ရပါတီဥက္ကဋ္ဌက သမ္မတလုပ်ပြီး သူ့စိတ်ကြိုက်အစိုးရဖွဲ့ အုပ်ချုပ်လို့ ကတော့ ဟန်ကျမည် မထင်။

ပြည်သူက သမ္မတကို တိုက်ရိုက်ရွေးချယ်ခွင့်သာရလျှင် မည် သူပဲရနိုင်ကြောင်း ခန့်မှန်းပြောကြသည်။

သို့သော် ပြည်သူလိုလားသူက ရွေးကောက်ပွဲအနိုင်ရ၍ သမ္မတ ဖြစ်စေဦးတော့ သူ့ပါတီတစ်ခုတည်းဖြင့် အစိုးရဖွဲ့၍ မ ဖြစ်နိုင်။ စစ်တပ်ကို ပစ်ပယ်ထား၍ မရသေး။ သူ့ထောက်ခံမှု ရဖို့လိုသည်။ မြန်မာနိုင်ငံရေး တွင် စစ်တပ်က ရာစုနှစ် တစ်ဝက်ကျော်ဦးဆောင်ပါဝင်ပတ်သက်ခဲ့သော ကြောင့် ခြေလှမ်းကျဲခဲ့ပြီးပြီ၊ ချက်ချင်း

ပြန်နုတ်သွားဖို့ ခက်ကောင်းခက်နိုင်သည်။ အချိန်ပေးရန်လို၏ ။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်၍ ဒေါ်စု သမ္မတ ဖြစ်လာဖို့က လွှတ်တော် တွင် ၂၅ ရာခိုင်နှုန်းရှိသော စစ်တပ်နှင့်လွှတ်တော် တွင် ကိုယ်စားလှယ်အများ စုရထားသည့် ကြံ့ခိုင်ဖွံ့ဖြိုး ရေး ပါတီက သဘောထားကြီးမှ ဖြစ်လို့ရသည့် အခြေအနေမျိုးရောက်နေသည်။ အရမ်းခက်ခဲပါလိမ့်မည် ။

ဒေါ်စုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု ရှိပြီး၊ အကျိုးတူပူးပေါင်းလိုစိတ် ရှိမှ ဖြစ်မည် ။ ဒေါ်စု၏ 'ဟင့်အင်း' ကို ကျော်ဖြတ်ခြင်း၊ ခက်ခဲခဲသော သူမှုများ နှင့် ညှိနှိုင်းခြင်း စာအုပ်တွင် အောက်ပါအချက်များ ကို ပြန်အမှတ်ရမိသည်။ တစ်ဖက်သား၏ ခံစားချက်များ ကိုလည်း အသိအမှတ်ပြုပါ။ ယုံကြည်မှု ကိုတည်ဆောက်ပါ။ သင်တတ်နိုင်သော နေရာတိုင်းတွင် သဘောတူလိုက်ပါ။ တစ်ဖက်လူနှင့် လိုင်းနှုန်းညှိပါ။ တိုက်ခိုက်မှု ကို ဥပေက္ခာပြုပါ။ အပြုသဘောဝေဖန်ရေး ကို တောင်းခံပါ။ တစ်ဖက်လူကို ရွေးချယ်ခွင့်ပေးပါ။ တစ်ဖက်လူ မျက်နှာမပျက်ပါစေနှင့် ။ တစ်ဖက်လူအား ထွက်ပေါက်ရှိကြောင်း သိပါစေ။ ဆန့်ကျင်ဘက်မှ မိတ်ဖက်သို့ ပြောင်းလဲနိုင်အောင်ကြိုး စားဖို့လိုသည်။

သို့သော် အခြားတစ်ဖက်ကလည်း သူတို့ဥက္ကဋ္ဌများ သာလျှင် သမ္မတ ဖြစ်သင့်သည်ဟု တရားသေယုံကြည်နေခဲ့လျှင် မည် သို့ ဆက်လက်ဆောင်ရွက်မည် နည်း။

ကမ္ဘာ့အစိုးရများ ၏ သဘောထား၊ လိုလားချက် အထင်ကြီးလေးစားမှု ၊ တန်းတူရည်တူ ဆက်ဆံပြောဆိုနိုင်မှု ၊ ပြည်သူတို့၏ ဆန္ဒသဘောထား၊ တိုင်းပြည်အပေါ် ကိုယ်ကျိုးစွန့်အနစ်နာခံနိုင်မည့် အရည်အချင်းနှင့် အစဥ်အလာကောင်းများ ကို ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အတ္တစွဲမထားဘဲ အသေအချာစဥ်းစားပြီး သဘောထားကြီးကြီးနှင့် ရွေးချယ်ရပါမည် ။

စင်ကာပူသည် အမျိုးသားခေါင်းဆောင် လီကွမ်ယု၏ ဦးဆောင်မှု ဖြင့် အရှေ့တောင်အာရှတွင် ကြွယ်ဝချမ်းသာ၊ သန့်ရှင်းကျန်းမာသော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဘက်ပေါင်းစုံအောက်ကျနောက်ကျ ဖြစ်နေခဲ့ပါသည်။ ခေါင်းဆောင်ကောင်း တစ်ယောက် ဦးဆောင်မှသာလျှင်

အရှေ့တောင်အာရှနိုင်ငံများ ကို အမီလိုက်နိုင်မည် ဖြစ်ပါသည်။

မည် သူသည် နိုင်ငံကိုထောင်တက်သွားနိုင်အောင် ဦးဆောင်နိုင်ပါသနည်း။

ထိုမေးခွန်းကို ကိုယ်တိုင်မေးပြီး ကိုယ့်ဘာသာ ရွေးချယ်ကြည့်ရပါမည် ။

အသင့်တော် ဆုံးလူကို ရွေးချယ်ပြီးပါက နိုင်ငံ၏ ကံကြမ္မာဆင်းရဲမွဲတေနေသော ပြည်သူမျက်နှာကို ကြည့်ပြီး ထိုပုဂ္ဂိုလ်သမ္မတ ဖြစ်အောင် ကြိုး ပမ်းဆောင်ရွက်ပေးကြရပါမည် ။

ပြည်သူသည် လူ(အ)များ မဟုတ်တော့ပါ။ ကိုယ်ယုံကြည်အားကိုးသူကို သမ္မတ ဖြစ်အောင် ဆောင်ရွက်ပေးနိုင်သော အရည်အချင်းများ ရှိနေကြပြီ ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲအကျပ်အတည်းများ ၊ ပိတ်ဆို့နေသော အုတ်တံတိုင်းများ ၊ ဟန့်တားနေသော အရာများ ကို ပြည်သူ၏ သွေးစည်းညီညွတ်မှု ဖြင့် ကျော်ဖြတ်သွားရမည် ။

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ညှိနှိုင်းရမည် ။ ယုံကြည်မှု တည်ဆောက်ရမည် ။ အပေးအယူသဘောကို နားလည်ရမည် ။ အထူးသဖြင့် စစ်တပ်နှင့်ပြေလည်အောင် ညှိနှိုင်းဖို့လိုသည်။ စစ်တပ်ကလုပ်ပေးမှသာလျှင် ဒေါ်စုသမ္မတ ဖြစ်နိုင်ခြေရှိသည်။ စစ်တပ်က ဒေါ်စုကိုယုံကြည်ဖို့လိုသည်။ စစ်တပ်ယုံကြည်ထောက်ခံလာအောင် ဒေါ်စုလုပ်နိုင်ရမည် ။

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် မြန်မာနိုင်ငံသားအချင်းချင်း ဘာ့ကြောင့် သွေးကွဲရမည် နည်း။ ဘာကြောင့် လက်သီးကိုဆုပ်ပြီး မျက်နှာထားတင်းတင်းနှင့် ကြည့်နေကြမည် နည်း။

မြန်မာနိုင်ငံ အေးချမ်းသာယာဖို့အရေး ဆွေးနွေးပါ၊ ညှိနှိုင်းပါ၊ အပြေရှာပါ၊ သဘောထားကြီးပါ။ လိုတိုးပိုလျှော့၊ ဖြေလျှော့ပေးသင့်တာပေးကြပါ။ အပေးအယူလုပ်သင့်တာလုပ်ပါ။ ဆင်းရဲတွင်း နက်ထဲတွင် ဒုက္ခတွေ လူးပေနေသော

ပြည်သူ့မျက်နှာကို မြင်ယောင်ကြည့်ပေးကြပါ။

အနာဂတ်မြန်မာနိုင်ငံကို ဆင်းရဲတွင်း းမှ ဆွဲတင်နိုင်သော အရည်အချင်းရှိသည့် ခေါင်းဆောင်ကောင်း တစ်ယောက် ကို အမြန်အလိုရှိပါသည်။

ဘယ်သူပဲ ဖြစ် ဖြစ် တရားသော နည်းလမ်းဖြင့် ရွေးကောက်ပွဲတွင် အနိုင်ယူပြီး သမ္မတလုပ်ပါ။ နိုင်ငံကို ဖွံ့ဖြိုး တိုးတက်အောင်တော် တည့်မှန်ကန်စွာ ဦးဆောင်ပါ။ တာဝန်ခံပါ။ ပြည်သူအကျိုးကိုမသယ်ပိုးဘဲ ကိုယ်ကျိုးစီးပွားရှာခဲ့မိသော် သိက္ခာရှိရှိ နုတ်ထွက်ရဲသော တရားဥပဒေကပေးသော အပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံယူရဲသော ခေါင်းဆောင်ကောင်း တစ်ယောက် လိုချင်ပါသည်။

•••

# အခန်း(၃)

## ငြိမ်းချမ်းရေး တကယ်ပဲရတော့မှာ လား

စစ်နဲ့ ငြိမ်းချမ်းရေး ဘာကိုရွေးမလဲ။

ထိုမေးခွန်းမေးလျှင် ငြိမ်းချမ်းရေး ကို ရွေးမှာ ပေါ့ဟု အလွယ်တကူ ဖြေကြမည် ထင်သည်။

သို့သော် တကယ်တမ်း စစ် ဖြစ်လာသော အခါ ငြိမ်းချမ်းရေး ကိုမရွေးနိုင်။ သေနတ်ကိုင်ထားသော လက်က တစ်ဖက်ရန်သူနှင့် လက်ဆွဲနှုတ်ဆက်ဖို့ ခက်ခဲနေတတ်၏ ။

သေနတ်ကို လွှတ်ချပြီး လက်ဆန့်တန်းပေးမှ လက်ဆွဲနှုတ်ဆက်၍ ရမည် ။

မည် သူက သေနတ်ကို အရင်ဆုံးလွှတ်ချမည် နည်း။

ကိုယ်က လွှတ်ချလိုက်ပြီးမှ သူက သေနတ်နှင့် ဆက်ချိန်ထားလျှင် မည် သို့ လုပ်မည် နည်း။ မတော် တဆပစ်ချလိုက်လျှင် ကိုယ်ကဘာမှမရဘဲ အချောင်သေသွားဦးမည် ။

ရန်သူကို ဘယ်လို ယုံရမည် နည်း။

ရှေးအဆက်ဆက်က ကိုယ်ယုံကြည်အောင် သူ ဘာတွေ ပြောခဲ့သနည်း။ ဘာတွေ လုပ်ပြခဲ့သနည်း။ စစ်မ ဖြစ်ခင်ကာလမှာ အပြန်အလှန်ယုံကြည်လေးစားမှု တွေ ရှိပါသလား၊ သံသယတွေ ပဲရှိလိမ့်မည် ထင်သည်။

သူ ဘာလို့ ကိုယ့်ဆီလာတိုက်ရသနည်း။

ကိုယ်ကကော ... စစ် ဖြစ်ရင် ကိုယ့်လူတွေ အထိနာမည် ၊ နိုင်ခြေလည်းမရှိမှန်းသိရက်နှင့် ဘာလို့ ပြန်လည်တုံ့ပြန်တိုက်ခိုက်နေရသနည်း။

စစ် ဖြစ်ရသည့်အကြောင်းရင်းတွေ က နှစ် ဖက်စလုံးတွင် အလုံအလောက်ရှိနေကြမည် ထင်သည်။

ဥပမာဆိုရင် ကချင်ပြည်နယ် စစ်ပွဲကိုပဲ ညွှန်းဆိုရတော့မည် ။

အစိုးရဘက်က မိမိတို့အနေဖြင့် ထိုးစစ်များ မပြုလုပ်ရန် ညွှန်ကြားထားပြီး ဖြစ်သဖြင့် ကချင်၏ ဗဟိုစစ်စခန်း လိုင်ဇာကို သိမ်းပိုက်နိုင်သော အင်အားရှိပါလျက်နှင့် ထိုးစစ်ဆင်ပြီး မသိမ်းပိုက်ခဲ့ပါ။

ကေအိုင်အိုဘက်က ထိုးစစ်မဆင်ရန် ညွှန်ကြားထားခြင်းမရှိသဖြင့် စစ်ပွဲတွေ ဖြစ်နေရသည်ဟု ဆိုသည်။

ထိုအခါ ကချင်ပြည်နယ်ထဲသို့ တပ်ရင်းပေါင်းများ စွာ ရောက်ရှိလာပြီး လေကြောင်းအကူ တိုက်ပွဲတွေ ဆင်နွှဲနေတာ ဘာကြောင့် နည်း။

လိုင်ဇာကိုသိမ်းဖို့ မရည်ရွယ်ပါဟုဆိုပြီး လိုင်ဇာမြို့ ပေါ်သို့ လက်နက်ကြီးတွေ နှင့် အဘယ်ကြောင့် ပစ်ခတ်နေရပါသနည်းဟု ကချင်ဘက်ကမေးခွန်းတွေ ထုတ်လာသည်။

လမ်းပန်းဆက်သွယ်ရေး အေးချမ်းသာယာဖို့ ပြည်သူများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ဖို့ နယ်မြေလုံခြုံဖို့ အစိုးရတပ်များ ထိခိုက်ကျဆုံးမှု မရှိစေဖို့ ခုခံစစ်အနေဖြင့် တိုက်ခိုက်နေခြင်းသာ ဖြစ်သည်ဟုဆိုသည်။

ကေအိုင်အိုဘက်ကလည်း အစိုးရတပ်များ သည် မိမိတို့ထိန်းချုပ်ထားသည့် နယ်မြေများ အတွင်းသို့ လက်နက်ရိက္ခာနှင့် စစ်တပ်အင်အားများ တိုးချဲ့လာနေခြင်းကြောင့် မိမိတို့က ဖြတ်တောက်စစ်ဆင်ရေး ဖြင့် ခုခံစစ်ကို ဆင်နွှဲနေရတာ ပါဟု ဆိုသည်။

ယင်းကဲ့သို့ အပြန်အလှန် အပြစ်တင်ပြောဆိုနေကြရင်းတိုက်ပွဲတွေ က ပြင်းထန်လာသည်။ အစိုးရဘက်မှ လေကြောင်းတိုက်ပွဲဆင်နွှဲလာသည်။ လက်နက်ကြီးတွေ နှင့် ကူပစ်ပေးရသည်။ ကေအင်အိုတို့ကလည်း စခန်းငယ်လေးတွေ ကို ဝင်တိုက်သည်။ ရိက္ခာပို့လမ်းကြောင်းကို ဖြတ်တောက်သည်။ ရထားလမ်းကို မိုင်းခွဲသည်။ တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံ အရှုံးမပေးဘဲ ခုခံစစ်ကိုဆင်နွှဲနေကြ၏ ။

ထိုအခါ ကြားကမြေစာပင် နာ၏ ။ နှစ် ဖက်စစ်သည်များ သေကြေကြရသည်။

စစ်ဘေးဒုက္ခသည်များ ပြေးလွှားနေကြရ၏ ။

နွေးထွေးသော ကိုယ့်အိမ်ကို စွန့်ခွာထွက်ပြေးရ၏ ။ မရွေ့မပြောင်းနိုင်သော ပစ္စည်းဥစ္စာများ ကို စိတ်မကောင်းစွာ ပစ်ထားခဲ့ရသည်။

ကိုယ်တစ်သက်လုံး ရှာဖွေစုဆောင်းခဲ့သော ပစ္စည်းကို ခင်တွယ်၍ မ ဖြစ်၊ အသက်ကိုချစ်သဖြင့် စစ်နှင့် ဝေးရာပြေးခဲ့ရသည်။

ချွေးဖြင့် စိုက်ပျိုးထားရသော စပါးခင်းတွေ ၊ သီးနှံပင်တွေ ပစ်စလက်ခတ်ထားရစ်ခဲ့ရသည်။

ဇနီး သား သမီး လက်ဆွဲပြီး ကျည်ဆန်လွတ်ရာအရပ်သို့ သေပြေး ရှင်ပြေး ပြေးရသည်။ စားစရာ တစ်လွယ်စာဖြင့် မိသားစုတွေ အငတ်အပြတ်ခံပြီး ဒုက္ခသည်စခန်း အရောက်ပြေးရသည်။

ကလေးတွေ ၏ အနာဂတ်ပျောက်ရ၏ ။ ကျောင်းတက်ချင်သူ ကျောင်းမတက်ရ။ စာမေးပွဲဖြေဖို့ စာတွေ ဘယ်လိုကျက်ရမည် မှန်းမသိ။ စားစရာ၊ ဝတ်စရာ၊ နေစရာ ဘာမျှ မရေရာသည့်ဘဝဖြင့် ဘယ်လောက်ကြာကြာ အသက်ရှင်ရမှန်းမသိသော စစ်ဘေးဒုက္ခသည်က တစ်သိန်းကျော်သွားပြီ။

ဒုက္ခသည်စခန်းတွင် နပ်မှန်အောင် စားရဖို့ ကေအိုင်အိုဘက်ကအသည်းအသန် ကြိုး စားရမည် ။ ကူးစက် ရောဂါ တွေ မပြန့်ပွားအောင်နေ့စဉ် လုံးပမ်းနေရမည် ။ သည်ကြားထဲ ခုခံစစ်ဆင်နွှဲနိုင်ဖို့ ကျည်ဆန်တွေ ၊ လက်နက်တွေ ဝယ်ဖို့ ငွေအများ ကြီးရှာရဦးမည် ။ စစ် ဖြစ်နေပြီဆိုတော့ တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ ငွေအများ ကြီးရဖို့လိုသည်။

စစ်စရိတ်တွေ က နည်းနည်း နောနော မဟုတ်နိုင်။ ငြိမ်းချမ်းသည့်ကာလတွင် သည်ငွေတွေ ကို ပြည်နယ်ဖွံ့ဖြိုး ရေး အတွက် သုံးမည် ဆိုပါက မူလတန်းကျောင်းတွေ ၊ တိုက်နယ်ဆေးပေးခန်းတွေ ၊ လမ်းပန်းဆက်သွယ်ရေး တွေ အများ ကြီးတည်ဆောက်၍ ရသည်။ ယခုတော့ ဖျက်ဆီးဖို့ လူသတ်ဖို့ ငွေတွေ အများ ကြီးသုံးနေရပါပကော။

စစ်တပ်ဘက်က ကြည့်ပါဦး။ ကချင်ပြည်နယ်ထဲတွင် တပ်ရင်း ၁၁၀ ကျော်ရောက်သည်ဟု ကေအိုင်အိုဘက်က ပြောသည်။

တပ်ရင်း ၁၁၀ ကျော်ဆိုတော့ နည်းတဲ့လူ အရေအတွက်မှမဟုတ်တာ။ သည်လူတွေ ၏ စားဝတ်နေရေး ၊ ဆက်သွယ်သွားလာရွှေ့ပြောင်းစရိတ်၊ လက်နက်ကျည်ဆန်စရိတ်၊ ကျည်ဆန်တစ်တောင့်ကို ၁၅၀ ကျပ်နှင့် တွက်လျှင် ကျည်ဆန်ပေါင်းမြောက်မြားစွာ ပစ်ခတ်နေကြရသဖြင့် ကုန်လိုက်မည့် ဖြစ်ခြင်း။

သည်ကြားထဲ နှစ် ဖက်စလုံး အသေအပျောက်တွေ ရှိနေကြတော့ သူတို့မိသားစုတွေ ဘယ်လောက်ကြေကွဲဝမ်းနည်းကြရမလဲ။

အဖေမဲ့ သားသမီးတွေ အများ ကြီး ဖြစ်တော့မည် ။ နှစ် ဖက်စလုံးက သူလျှို၊ စပိုင်ဟု စွပ်စွဲပြီးဖမ်းဆီးသွားကြသဖြင့် အဖေပျောက်၊အမေပျောက်တွေ လည်း ရှိနိုင်သည်။

စစ် ဖြစ်နေသည့်ကာလတွင် ဥပဒေသည် စာအုပ်ထဲမှာ ပဲရှိတော့သည်။

စစ်ကြာရှည်လျှင် ဘာ ဖြစ်နိုင်သလဲ

တစ်ဖက်နှင့် တစ်ဖက် သံသယစိတ်၊ အပြစ်တင် အပြစ်မြင်သည့်စိတ်ဖြင့် စစ်ကို ဆက်တိုက်နေကြလျှင် ကောင်းကျိုးချမ်းသာ ဖြစ်စရာမရှိ။ ဆိုးကျိုးများ စွာ ဖြစ်လာနိုင်၏ ။

အိမ်တစ်အိမ်တွင် ညီအစ်ကိုနှစ် ယောက် ကြာရှည်ရန် ဖြစ်သော အခါ ဘေးပယောဂဝင်ပါလာမည် ။ သူ့ဘက်ကရှိသည့်လူနှင့် ကိုယ့်ဘက်ကရှိမည့် လူ အပြိုင်အဆိုင် ဖြစ်လာတတ်သည်။ သည်ကြားထဲ ဆရာကြီးလုပ်လိုသူတွေ ကလည်း ဝင်ညြဇာပေးနိုင်သည်။

ကုလသမဂ္ဂကလည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေမည် မဟုတ်။ ဖိအားတွေ ဝင်ပေးလာနိုင်သည်။ တရုတ်ကလည်း သူ့အကျိုးစီးပွားတွေ ရှိနေသည့် ကချင်ပြည်နယ်ကို ငြိမ်းချမ်းစေချင်သည့်အတွက်နှစ် ဖက်စလုံးကို ဖိအားပေးနိုင်သည်။ ပြောမရလျှင် တစ်ဖက်ဖက်ကိုဇောင်းပေးကူညီနိုင်သည်။

အမေရိကန်နှင့် အီးယူကလည်း စိုးရိမ်တကြီးဝင်ပါ၊ ဝင်ပြောလုပ်နိုင်သည်။ အာဆီယံနိုင်ငံများ ကလည်း သူတို့ ဝင်ပါမှ ဖြစ်မည် ထင်ပြီး ကူညီပါရစေလုပ်နိုင်သည်။

ထိုအခါ တစ်ကမ္ဘာလုံး အထိတ်တလန့် ဖြစ်သွားနိုင်၏ ။

လူမျိုးတုံး သတ်ဖြတ်နေပါသည်ဟု ပုံကြီးချဲ့သွေးထိုးသူတွေ ပေါ်လာနိုင်သည်။ ရင်းနှီးမြှုပ်နှံသူတွေ နောက်ဆုတ်သွားနိုင်၏ ။ ကျန်နေသေးသော စီးပွားရေး ပိတ်ဆို့မှု တွေ နေမြဲ ဖြစ်နိုင်သည်။

ကချင်တိုင်းရင်းသားတွေ က စစ်အစိုးရ အုပ်စိုးဆဲ၊ လူမျိုးကြီးဝါဒဖြင့် ဟိုတုန်းကလို လက်ဝါးကြီးအုပ်ချင်နေဆဲဟု ထင်မြင်ယူဆပြီးလူမျိုးရေး မုန်းတီးမှု တွေ ဖြစ်သွားခဲ့သော် မခက်လော။

၁၇ နှစ် ကာလမှာ ကချင်ပြည်နယ်ဟာ သယံဇာတကို မုဒိမ်းကျင့်ခံနေရတာ ပဲ။ ပြည်သူတွေ အားလုံး ဒုက္ခရောက်ခဲ့တယ်။ လယ်ယာတွေ အသိမ်းခံရတယ်။ အခု ဖြစ်နေတဲ့ စစ်ပွဲဆိုရင် ကေအိုင်အေထက်ပြည်သူလူထုက မခံစားနိုင်လို့ ဖြစ်နေတာဟု ကချင်တိုင်းရင်းသူဒေါ်ဘောက်ဂျာက ပြောသည်။

ဘာကြောင့် ငြိမ်းချမ်းရေး မရနိုင်တာလဲ။

စစ်ရဲ့ ဆိုးကျိုးကို နှစ် ဖက်စလုံးက သိသည်။ ဘယ်သူမှစစ်ဆက်တိုက်ချင်မည် မထင်ပါ။

သမ္မတကြီး ဦးသိန်းစိန်က ကေအိုင်အေ စစ်သား တစ်ယောက် ဆုံးရှုံးခြင်းသည် တိုင်းပြည်၏ ဆုံးရှုံးမှု ဖြစ်သလို၊ မြန်မာစစ်သား တစ်ယောက် ဆုံးရှုံးခြင်းသည်လည်း တိုင်းပြည်၏ ဆုံးရှုံးခြင်းပင် ဖြစ်ကြောင်းပြောခဲ့သည်။

စစ်ကြောင့် ဖြစ်ရသော အတိဒုက္ခ၊ အနိဋ္ဌာရုံများ ကို နှစ် ဖက်စလုံး မျက်ဝါးထင်ထင် မြင်တွေ့နေကြပြီ။ စစ်ကိုရပ်ပစ်ချင်ပါ၏ ။ သို့ သော် အပေးအယူမမျှ ဟန်မကျ ဖြစ်နေ၏ ။

မြန်မာအစိုးရ၏ ငြိမ်းချမ်းရေး ထာဝရလမ်းပြမြေပုံကိုလေ့လာကြည့်သော် -

ပထမအဆင့် - ပြည်နယ်အဆင့် နှစ် ဖက်ရန်လိုမှု ၊ ပစ်ခတ်မှု ကို ရပ်စဲရန်။

ဒုတိယအဆင့် - ပြည်ထောင်စုအဆင့် စီးပွားရေး နှင့် ဖွံ့ဖြိုး ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းတိုက်ဖျက်ရန်၊ နိုင်ငံရေး ပါတီများ ထူထောင်ရန်၊ လွှတ်တော် တွင် ပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရတစ်ခုတည်းသော လက်နက်ကိုင်တပ်မတော် အ ဖြစ်ရပ်တည်ရေး ညှိနှိုင်းဆောင်ရွက်ရန်။

တတိယအဆင့် - ပြည်ထောင်စုလွှတ်တော် တွင် သဘောတူလက်မှတ်ရေး ထိုးရန်၊ ထာဝရငြိမ်းချမ်းရေး မ ဖြစ်မနေဆောင်ရွက်ရန်တို့ ဖြစ်သည်။

အစိုးရ၏ ထာဝရငြိမ်းချမ်းရေး လမ်းပြမြေပုံသည် ကေအိုင်အေဘက်မှ လိုလားချက်နှင့် ခြားနားနေ၏ ။

အပစ်အခတ်ရပ်စဲထားသော ၁၇ နှစ် ကာလအတွေ ့အကြုံများ အရ၊ ကေအိုင်အိုက အထက်ပါအချက်များ ကို အလွယ်တကူသဘောတူနိုင်မည် မထင်။

တိုက်ပွဲတွေ က ကေအိုင်အေ ထိန်းချုပ်နေရာမှာ ဖြစ်နေတဲ့အတွက် ကေအိုင်အေက ဆုံးရှုံးမှု ပိုများ တယ်။ ကချင်လူထုလည်းပိုနာတယ်။ အဲဒီ တော့ ငြိမ်းချမ်းရေး ကို အစိုးရထက် ကေအိုင်အေကပိုလိုချင်တယ်။ ဒါပေမဲ့ လက်မခံနိုင်တဲ့ အခြေအနေကို ပြောင်းလဲချင်လို့တော် လှန်ရေး လုပ်နေတာ။ ပြောင်းလဲမှု တွေ ကိုမပေးဘဲ လှုပ်ရှားမှု ကိုသာရပ်တန့်စေချင်တာတော့ မ ဖြစ်နိုင်ဘူး။ ဒါကြောင့် ပြဿ နာကို နိုင်ငံရေး နည်းနဲ့ပဲ ဖြေရှင်းဖို့လိုတယ်ဟု ကေအိုင်အေ ဗဟိုကော်မတီဝင်တစ်ဦးကပြောခဲ့သည်။

နိုင်ငံရေး နည်းအရ မဖြေရှင်းဘဲ စစ်ရေး နည်းလမ်းဖြင့် ဖြေရှင်း၍ ထာဝရငြိမ်းချမ်းရေး မရနိုင်။ အစိုးရစစ်တပ်က ဗဟိုဌာနချုပ်လိုင်ဇာကိုတက်သိမ်းပြီး ကချင်ကို မြေလှန်တိုက်မယ်ဆိုရင်လည်း နောက်ထပ်လက်နက်ကိုင် ပြောက်ကြားတော် လှန်ရေး တွေ ပေါ်လာဦးမှာ ပဲ။ သူ့နယ်မြေမှာ သူ့လူမျိုးတွေ ကို အမြစ်ပြုတ်အောင်တိုက်လို့ မ ဖြစ်နိုင်တဲ့

ကိစ္စဟုထင်သည်။

နိုင်ငံရေး နည်းလမ်းသာလျှင် အဖြေ

သို့ ဆိုလျှင် နိုင်ငံရေး နည်းလမ်းဖြင့် အဖြေရှာရမည် ။ စားပွဲဝိုင်းတွင် ထိုင်ဆွေးနွေးရမည် ။ သူ့လိုလားချက်၊ ကိုယ့်လိုလားချက်ကိုညှိနှိုင်းရမည် ။ ကိုယ့်ဘက်ကလည်း လျှော့ရမည် ။ သူ့ဘက်ကလည်းလျှော့ရမည် ။

ထိုသို့ ပြောဆိုဆွေးနွေးနေစဉ် ကာလမှာ တော့ အားလုံးငြိမ်၊သတိ၊ ရှိရာအရပ်မှာ ရပ်၊ သေနတ်တွေ မြေစိုက် မောင်းဖြုတ်ထားရမည် ။

ဖြစ်နိုင်ချေရှိသော အပေးအယူ

ဟိုတုန်းကလို ကိုယ့်နယ်ထဲ သူဝင်၊ သူက အုပ်ချုပ်၊ တိုင်းရင်းသားခေါင်းဆောင်အချို့နှင့် အပေးအယူလုပ်၊ သစ်ခုတ်ကျောက်တူး၊ တောင်ဖြို၊ လုပ်ချင်ရာလုပ်၊ ကချင်တွေ က ငုတ်တုတ်မေ့နေတာမျိုးတော့ လက်မခံနိုင်ဟု ဒေသခံဆရာမ တစ်ဦးက ပြောသည်။

အမေရိကန်လို ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်လုပ်ပါ။

မစိုးရိမ်ပါနှင့် ပြည်ထောင်စုက ခွဲထွက်ဖို့ စိတ်မကူးပါ။ ကိုယ့်ပြည်နယ်ကို အုပ်ချုပ်ဖို့ ကိုယ့်လူမျိုးတွေ ကပဲ ကိုယ့်ခေါင်းဆောင်ကို ရွေးပေးပါရစေ။ ကိုယ့်ပြည်နယ်ကိုယ် အုပ်ချုပ်ခွင့်ပေးပါ။ ပညာရေး ၊ ကျန်းမာရေး ၊လူမှု ရေး ကိုယ့်ဘာသာ ဖန်တီးခွင့်ပေးပါ။ ပြည်နယ်ထဲက သယံဇာတတွေ တူးပါ၊ ခုတ်ပါ။ ဗဟို အစိုးရက ၅၀ ရာခိုင်နှုန်း၊ ပြည်နယ်ဖွံ့ဖြိုးရေး ၊အုပ်ချုပ်ရေး အတွက် ၅၀ ရာခိုင်နှုန်း ခွဲဝေပေးပါ။

လက်ရှိ ကချင်လက်နက်ကိုင် အဖွဲ့အစည်းကိုလည်း ပြည်နယ်ရဲတပ်ဖွဲ့အသွင်ပြောင်းပြီး ကိုယ့်ဒေသကို ကိုယ့်ဓလေ့ထုံးစံနဲ့အညီစီရင်အုပ်ချုပ်ခွင့်ပြုပါ။ သူပုန်မထ၊ စစ်တပ်နှစ် ခုမ ဖြစ်စေရပါ။

အမေရိကန်နိုင်ငံကဲ့သို့ ဗဟိုအစိုးရလုပ်ပိုင်ခွင့်ရှိသလို၊ ကိုယ့်ကြမ္မာ

ကိုယ်ဖန်တီးနိုင်သည့် ပြည်နယ်အုပ်ချုပ်ခွင့်ကိုလည်း ဥပဒေဖြင့် ပြဋ္ဌာန်းပေးပါ။

ကျွန်တော် တို့လိုချင်တာ ဒါပဲ။

နိုင်ငံရေး အရ အဖြေရှာမယ်ဆိုတာလည်း ဒါတွေ ပြောဆိုညှိနှိုင်းဆွေးနွေးဖို့ပါပဲဟု ဒေသခံတစ်ဦးက ပြောကြားသည်။

သို့သော် သူ့ဘက်က လိုချင်တာ သူပြောသော်လည်းသည်ဘက်က အခြေအနေက လိုက်လျောဖို့ ခက်ခဲနိုင်တာလည်း ဖြစ်နိုင်၏ ။

ဘာတွေ အခက်အခဲရှိနေမှန်း ကျွန်တော် တို့မသိ။ သမ္မတကြီး ဦးသိန်းစိန်က သူ့လက်ထက်တွင် ငြိမ်းချမ်းရေး ရအောင် ကြိုး ပမ်းအားထုတ်သွားမှာ သေချာသည်။ ယုံကြည်သည်။ သည်တစ်ခုသာပြေလည်သွားလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကို ထိုက်ထိုက်တန်တန်ရသင့်ပြီ။အကြောင်းအမျိုးမျိုးကြောင့် သည်ကပေးနိုင်တာ သူတို့မလိုချင်။ သူတို့လိုချင်တာ သည်ကမလိုက်လျောနိုင်လျှင်တော့ ...

စစ်ပွဲက တငွေ့ငွေ့လောင်နေသော ဖွဲမီးလို ဖြစ်တော့မည် ။တအုံ့နွေးနွေးနှင့် အားလုံး ငိုကြွေးနေကြရဦးမည် ။ မျက်ရည်စက်လက်နှင့် ဘဝပျက်သူတွေ တိုးပွားလာဦးမည် ။

သို့သော် ...

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က ၎င်း၏ လက်ထက်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နှင့် ရေရှည်တည်တံ့ ခိုင်မြဲသည့်ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုး စားရမည် ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများ ရပ်စဲရေး အတွက် ကေအိုင်အေနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ကြောင်း ဇန်နဝါရီလ၁၉ ရက်နေ့တွင် ပြောကြားသွားသည်။

ယခု တပ်မတော် က အကန့်အသတ်ဖြင့် ဆောင်ရွက်နေသော စစ်ရေး ကိစ္စဆောင်ရွက်မှု များ ရပ်ဆိုင်းရန် အမိန့်ပေးထားပြီး ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း အလားတူရပ်ဆိုင်းပေးသွားရန် လိုအပ်ကြောင်း ပြောကြားခဲ့၏ ။

အစိုးရတပ်များ က ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ၆ နာရီတွင် လဂျားယန်ဒေသရှိ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး ရပ်ဆိုင်းကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေး အဖွဲ့ကဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထုတ်ပြန်သည်။

အစိုးရက ကေအိုင်အေအား အပစ်အခတ်ရပ်စဲကြောင်းကြေညာပြီး ၂၄ နာရီ မပြည့်မီ KIA တပ်ဖွဲ့က အင်အားအလုံးအရင်းဖြင့် ကာမိုင်းမြို့ နယ်ခွဲ ရဲစခန်းသို့ ဝင်တိုက်ကြောင်းကြားရပြန်သည်။ ဗန်းမော်လွယ်ဂျယ် ကားလမ်းပေါ်တွင် ၁၉ ရက် ၁၂ နာရီခွဲခန့်တွင် ခရီးသည်တင် ယာဉ်တန်းဖြတ်သန်းနေစဉ် မိုင်းတစ်လုံးကွဲ၍ ခရီးသည် ၂၂ ဦး ဒဏ်ရာရကြောင်း သိရပြန်၏ ။ ၁၉ ရက် ညနေ ၅နာရီတွင် ဖားကန့်၊ မရီကထောင်ရပ်ကွက်ရှိ ဝေအောင်ကမ္ဘာကုမ္ပဏီအုပ်ချုပ်ရေး ရုံးခန်းသို့ KIA ၇ ဦးခန့် ရောက်ရှိလာပြီး၊ ဝန်ထမ်းအိပ်ဆောင်နှင့် ပါဂျဲရိုးကားတစ်စီးကို မီးရှို့ဖျက်ဆီးကြောင်း သတင်းထွက်လာပြန်သည်။

အထူးသဖြင့် ကေအိုင်အိုဌာနချုပ်ရှိရာ လိုင်ဇာအနီး လဂျားယန်တစ်ဝိုက် ခါရာတောင်ကြောမှာ ဇန်နဝါရီလ ၂၀ ရက် တနင်္လာနေ့မှာ တိုက်ပွဲတွေ ဆက်လက် ဖြစ်ပွားနေတယ်လို့ ဘီဘီစီမြန်မာပိုင်းက ပြောသွားခဲ့ပါတယ်။

စစ်ဆင်ရေး တွေ ရပ်ဆိုင်းဖို့ သမ္မတကလည်း ပြော၊ သတင်းထုတ်ပြန်ရေး အဖွဲ့ကလည်း ကြေညာသည့်ကြားထဲက တိုက်ပွဲတွေ ဆက် ဖြစ်နေပါသတဲ့။

ဘာကြောင့် စစ်ပွဲတွေ ဆက်တိုက်နေရပါသနည်း။

သတင်းစာ၊ ဂျာနယ်များ တွင် အေအိုင်အိုဘက်က တိုက်ခိုက်သည့် သတင်းတွေ ပဲဖတ်ရပြီး အစိုးရဘက်က တိုက်နေတာတော့မဖတ်ရဘူးဟု ရန်ကုန်ရောက် ကချင်တိုင်းရင်းသူ တစ်ယောက် ကပြောသည်။

အစိုးရတပ်တွေ က လဂျားယန်ဒေသရှိ နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး ရပ်ဆိုင်းကြောင်း ကြေညာတာလေ ကချင်ဒေသတစ်ခုလုံးစစ်ဆင်ရေး တွေ မလုပ်ဖို့မှ မပြောတာဟု တိုင်းရင်းသူကပင် ဆက်လက်ပြောသည်။

မည် သို့ပင် ဖြစ်စေ၊ စစ်ပွဲတွေ ဆက် ဖြစ်နေတဲ့ သတင်းတွေ ကအင်တာနက်ထဲမှာ ၊ ဂျာနယ်ထဲမှာ တွေ ့နေရသေးသည်။

နိုင်ငံတော် သမ္မတက ကချင်ပြည်နယ်မှာ ဖြစ်ပွားနေသော တိုက်ပွဲများ ရပ်စဲရေး အတွက် ကေအိုင်အိုနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန်ဖိတ်ခေါ်သော်လည်း ကေအိုင်အိုဘက်က လက်မခံ။ အစိုးရဘက်ကထိုးစစ်ဆင် စခန်းသိမ်းတိုက်ပွဲတွေ ဆက်လုပ် နေတဲ့အတွက် ကေအိုင်အိုအနေနဲ့ အဲဒီ လို စစ်ရေး အရ ဖိအားပေးခံရတဲ့ အခြေအနေအောက်မှာ နှစ် ဖက်တွေ ့ဆုံဖို့ဆိုတာ မ ဖြစ်နိုင်ကြောင်း ကေအိုင်အိုပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။

ထိုသို့ သီးခြားတွေ ့ဆုံမှု မလုပ်ပေမဲ့ တိုင်းရင်းသား မဟာမိတ် UNFC ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီအနေနဲ့ ဆွေးနွေးမယ်ဆိုရင် ပိုသင့်လျော်မယ်လို့ ကြေညာချက်မှာ ဖော်ပြခဲ့ပါတယ်။

တစ်ဖက်နဲ့တစ်ဖက် မျက်နှာချင်းဆိုင် ဆွေးနွေးဖို့တောင် ကေအိုင်အိုက မယုံကြည်စိတ်မချ။ UNFCကို ကြားခံပြီး ဆွေးနွေးခိုင်းခြင်းသည် ငြိမ်းချမ်းရေး အတွက် အလားအလာမကောင်းပါ။

ကိုယ်က ငြိမ်းချမ်းချင်၍ ဖိတ်ခေါ်ပါလျက် သူက အရေး တယူအဖက်လုပ် မဆွေးနွေးချင်ဘူးဆိုမှတော့ အပြတ်တိုက်ရုံပဲရှိတော့တယ်ဆိုပြီး လိုင်ဇာကိုတက်သိမ်းပြီး ကေအိုင်အေကို အပြတ်ချေမှု န်းပစ်မှာ လား။

ကေအိုင်အိုကလည်း မထူးဇာတ်ခင်း၍ အသေခံပြန်တိုက်ပြီးတော့ လှန်ရေး ကို ဆက်လက်ဆင်နွှဲတော့မှာ လား။

သည်လိုဆိုလျှင်တော့ နောက်ထပ် လူတွေ အများ ကြီးသေ။

အများ ကြီး ဒုက္ခရောက်၊ ကလေးတွေ အနာဂတ်ပျောက်တော့မှာ သေချာသည်။

ဖြေရှင်းရန် နည်းလမ်းမရှိတော့ဘူးလား။

ရှိပါသည်။ အင်အားကြီးသူဘက်မှ နည်းနည်း လေး ပိုလိုက်လျောပေးပါ။

ကေအိုင်အိုဘက်ကလည်း နိုင်ငံရေး နည်းလမ်းနှင့် ဖြေရှင်းနိုင်ရန်အတွက် ဆွေးနွေးပွဲစားပွဲ ပြန်ထိုင်ဖို့ စဉ်းစားပေးပါ။

နှစ် ဖက် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခြင်းသာလျှင်အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

ယခုအချိန်မှာ နှစ် ဖက်တင်းမာမှု မလျော့ကြသော်လည်းတစ်ချိန်ချိန်မှာ တော့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲစားပွဲပေါ်မှာ အကျေအလည်ညှိနှိုင်းပြီး နှစ် ဖက်နားလည်မှု ရမှာ သေချာသည်။

နိုင်ငံတော် သမ္မတကြီးက သူ့လက်ထက်တွင် ငြိမ်းချမ်းရေး ရအောင် အစွမ်းကုန်ကြိုး ပမ်းလိမ့်မည် ။ ပြည်သူတွေ ကလည်း ငြိမ်းချမ်းရေး ကို ဆန္ဒပြင်းစွာ တောင်းခံကြလိမ့်မည် ။ သူ့ပြည်သူများ အထိနာနေသည်ကို တွေ့မြင်နေကြရသော ကချင်ခေါင်းဆောင်များ ကလည်းငြိမ်းချမ်းရေး ကို လိုချင်ကြမှာ သေချာသည်။

ထိုအခါ သည့်မတိုင်ခင် တိုက်ခဲ့ရသော စစ်စရိတ်၊ ကျခဲ့ရသော မျက်ရည်များ ၊ ဆုံးရှုံးခဲ့ရသော ဘဝများ ၊ နှစ် ဖက်တိုက်ခိုက်နေကြရသူများ ၏ ပေးဆပ်ခဲ့ရသော အသက်၊ ဘဝ၊ ခန္ဓာကိုယ်၊ သွေး၊ချွေးတို့သည် မည် သူ့အတွက်မျှမဟုတ်ဘဲ အချည်းနှီး ဖြစ်သွားခဲ့သည်မှာ နမြောစရာကောင်းလှ၏ ။

နှစ် ဖက်တာဝန်ရှိ ခေါင်းဆောင်များ စဉ်းစားဆင်ခြင် ဉာဏ်နှင့် ယှဉ်ပြီး ငြိမ်းချမ်းရေး ကို အမြန်ဆုံး ဖော်ဆောင်ပေးကြပါ။

စားပွဲဝိုင်းပေါ်တွင် နိုင်ငံရေး နည်းလမ်းဖြင့် တစ်ဦးနှင့် တစ်ဦးသံသယကင်းကင်း၊ ပြေပြေလည်လည် ငြိမ်းချမ်းရေး စကားတွေ အမြန်ဆုံးဆိုနိုင်ကြပါစေ။

ကချင်ပြည်နယ်မှာ စမ်းကလေးတွေ အေး၊ ပန်းကလေးတွေ မွှေး၊ ငှက်ကလေးတွေ တေးဆိုနိုင်ကြပါစေ။

•••

# အခန်း(၄)

## ဒီမိုကရေစီ တကယ်ရပြီလား

ဒီမိုကရေစီ တကယ်ရပြီလား။

သည့်မေးခွန်းကို မေးကြည့်လိုက်ပါက ... ဒီမိုကရေစီ တကယ်ရနေပြီလေ ... ဂျာနယ်တွေ ၊ သတင်းစာတွေ ထဲမှာ မြင်တယ်မို့လား။

ဘာတွေ မြင်တာလဲ ပြောပါဦးဟု အစကောက်ပေးလိုက် လျှင် ပြောစရာ၊ ပြစရာတွေ အများ ကြီးရှိသည်ဟု ပြောလိမ့်မည် ။

စစ်အစိုးရလက်ထက်ကလို ကြောက်ရွံ့ပိပြားပြီး စကားကျယ်ကျယ်မပြောရဲတဲ့ ဘဝကလွတ်ခဲ့တာ ဒီမိုကရေစီပဲ မဟုတ်လား။

စာပေစိစစ်ရေး ဆိုတဲ့ ဌာနကြီးက ဘာတွေ မရေး ရ၊ ဘာတွေ ပဲရေး ခွင့်ပြု တယ်လို့ အမိန့်ပေး တည်းဖြတ်သုတ်သင်ခံခဲ့ရတာ တွေ မေ့ပြီလား။

ဌာနဆိုင်ရာမကောင်းကြောင်း မရေး ရ၊ အစိုးရဆန့်ကျင်တာ၊ အကြည်ညို ပျက်စေတာ မရေး ရ။

သူတို့မကြိုက်တဲ့ အရေး အသားဆို ခေတ်ဦးပိုင်းက ငွေမင်သုတ်ပြီး ဖျက်ရသည်။ သည်နောက်တော့ ပေါ်ပေါ်ထင်ထင် ဖျက်တာမျိုး ခွင့်မပြု။ ဖြုတ်ရန်မှတ်ချက်ပေးထားလျှင် မင်နက်ဖြင့် ဖျက်ခြင်း၊ ကွက်လပ်ချန်ထားခြင်း မရှိစေရ။ စာမျက်နှာ နံပါတ်စဉ်အလိုက်မှန်နေရမည် ။ ဖြုတ်ပယ်ထားကြောင်း မသိစေရ။

သူတောင်းစားအကြောင်း မရေး ရ။ မြန်မာ့ယဉ်ကျေးမှု နှင့် မကိုက်ညီသော မိန်းမနောက်ပိုးကိစ္စမျိုး မရေး ရ။ ဘာသာရေး အစွန်းရောက်ရေး တာမျိုး ခွင့်မပြု။ နိုင်ငံခေါင်းဆောင်များ နှင့် နာမည် တူ ဇာတ်ကောင်မျိုးခွင့်မပြု။ ဝတ္ထုထဲကဇာတ်ကောင်သည် ရပ်ရှင်သရုပ်ဆောင်နှင့် နာမည် တူတာမျိုးတောင် ရေး ခွင့်မရှိ စသဖြင့် ကန့်သတ်မှု တွေ

အများ ကြီးရှိခဲ့၏ ။

ထို ကန့်သတ်ချုပ်ချယ်မှု များ အောက်မှ စာပေရေး သားဖန်တီးခဲ့ကြရသည်။ ဂျာနယ်တွေ ။ မဂ္ဂဇင်းတွေ ထုတ်ခဲ့ကြရသည်။ မဂ္ဂဇင်း၊ ဂျာနယ်မျက်နှာဖုံးတွေ ကို မိန်းမလှလှလေးတွေ ပုံနှင့် ထုတ်လျှင် လည်ဟိုက်အင်္ကျီ၊ စကတ်တိုဝတ်ရိုက်တာမျိုး လုံးဝခွင့်မပြု။ မြန်မာ့ယဉ်ကျေးမှု ပေတံရှည်ကြီးဖြင့် အရိုက်ခံရလိမ့်မည် ။

ယခုတော့ ဝန်ကြီးဌာန အလွဲသုံးစားလုပ်တာမျိုး ရေး လို့ရပြီ။ ဝန်ကြီးတွေ စကားစလစ် ဖြစ်တာမျိုးတောင် ဝေဖန်ထောက်ပြနေကြပြီ။

မြန်မာပြည်တွင် လျှပ်စစ်ဓာတ်အားများ ပိုလျှံနေ၍ ပြည်ပထုတ်ရောင်းနေရတယ်ဟု ပြောမိသော ဝန်ကြီးတစ်ပါးကို ဂျာနယ်တစ်စောင်က ပြင်းပြင်းထန်ထန် ဝေဖန်ရေး သားခဲ့ဖူးသည်။

ယခု လတ်တလောတွင် လယ်သမားများ ကုသိုလ်လည်းရ၊ သံသရာကြွေးလည်း မပါရအောင် ထမင်းတစ်နပ်လျှော့စားပြီး ကြွေးဆပ်ဖို့ အကြံကောင်း ဉာဏ်ကောင်းပေးသော ဝန်ကြီးကို ဂျာနယ်များ ကဝိုင်း၍ ချီးကျူး ထောမနာပြုနေကြတာ ဖတ်ရသည်။

ဟိုတုန်းကဆိုလျှင် သည်လိုရေး ၍ မရ။ စိစစ်ရေး တွင် ဆင်ဆာမိသွားလိမ့်မည် ။ ယခု စိစစ်ရေး မရှိတော့ဘဲ လွတ်လွတ်လပ်လပ်ရေး ခွင့်ရနေတာ ဒီမိုကရေစီရနေတာ မဟုတ်ဘူးလား။

ကချင်ပြည်နယ် မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းသည်ဒေသ၏ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသဖြင့် ပြည်သူများ က ဝိုင်းဝန်းကန့်ကွက်ဆန္ဒပြသော ကြောင့် သမ္မတကြီးက သူ့လက်ထက်တွင် မြစ်ဆုံစီမံကိန်းရပ်ဆိုင်းလိုက်သည်မှာ ဒီမိုကရေစီအောင်ပွဲ မဟုတ်လား။

ကြည့်ပါဦး။ လယ်ယာမြေတွေ သိမ်းသွားလို့၊ ဝန်ကြီးဌာနတွေ က သိမ်းတယ်။ စစ်တပ်က သိမ်းတယ်။ ကုမ္ပဏီခရိုနီတွေ ကသိမ်းတယ်။မြို့ နယ် အဖွဲ့ အစည်းတွေ ကလည်း သိမ်းတယ်။ အခွင့်အာဏာအနည်းငယ်ရတာ နဲ့ ဥပဒေမဲ့ ထင်ရာစိုင်းသိမ်းခဲ့ကြတာ။ လိုအပ်တာထက်အများ ကြီး ပိုသိမ်းခဲ့ကြ၏ ။

ပြည်နယ်တစ်ခုမှာ ခရိုနီတစ်ဦး ဘိလပ်မြေစက်ရုံတစ်ရုံဆောက်ဖို့ သိမ်းလိုက်တဲ့ မြေကေက ရွာတစ်ရွာတည်လို့ရသည်။

လယ်သမားတွေ က မခံမရပ်နိုင်လို့ တိုင်တန်းကြ၊ ဂျာနယ်သမားတွေ ခေါ် ရှင်းလင်းပြောဆိုကြလုပ်တော့မှ လူကြီးတွေ သိသွားပြီးမလိုအပ်ဘဲ သိမ်းထားတဲ့ မြေတွေ ပြန်ပေးခိုင်းတာ ဂျာနယ်တစ်စောင်မှာ ဖတ်ရသည်။

မြေအသိမ်းခံလယ်သမားတွေ က အိုးအိမ်ဦးစီးရုံးနှင့် ကုမ္ပဏီရုံးခန်းရှေ့မှာ ညအိပ်ညနေသွားရောက် ဆန္ဒပြတာတွေ လည်း မြင်ရကြားရသည်။

ယခုတော့ သိမ်းဆည်းထားသော လယ်ယာမြေများ နှင့် ပတ်သက်၍ ပြေလည်အောင် ဖြေရှင်းပေးမည် ဟု ဆောက်လုပ်ရေး ဒုဝန်ကြီးက ကတိပေးပြောကြားတာကို The Messenger ဂျာနယ်တွင် ဖတ်လိုက်ရသည်။ လယ်ယာမြေနှင့် တခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်ထွဋ်က မေးမြန်း၍ ဒုဝန်ကြီးကပြန်ဖြေခြင်း ဖြစ်သည်။

မြေယာအသိမ်းခံရ၍ ဆုံးရှုံးနစ်နာမှု များ ကို ကော်မရှင်ဖွဲ့ပြီး ဆောင်ရွက်ပေးနေတာ ဒီမိုကရေစီ၏ ရလဒ်ပဲ မဟုတ်လား။

လွှတ်တော် တစ်ခုနဲ့ ထိုက်တန်တဲ့ ဂုဏ်သိက္ခာအဆင့်အတန်းမရှိတော့ဘူးဆိုရင် ပြည်သူ့လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်များ အနေနဲ့ နိုင်ငံတော် နဲ့ နိုင်ငံသားအကျိုးစီးပွား ပြည်ထောင်စုအကျိုးစီးပွားကို ဘာမှလုပ်ခွင့်ရှိမှာ မဟုတ်ဘူးလို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းပြောကြားတာ ဖတ်လိုက်ရ၏ ။ ပြည်သူတို့၏ အားကိုးရာ ပြည်သူ့လွှတ်တော် ၏ အသံကို ကြားနေရခြင်းသည်လည်း ဒီမိုကရေစီ၏ ပြယုဂ်ပဲ မဟုတ်ပါလား။

မနေ့တစ်နေ့ကပဲ ပြည်သူတွေ ကို ဖိနှိပ်ချုပ်ချယ်သော ၂/၈၈ ဥပဒေကို သမ္မတကြီးအမိန့်ဖြင့် ဖျက်သိမ်းပေးခဲ့သည်။ ပြည်သူတွေ အတွက် အကျိုးရှိစေသော ဆင်းရဲသားပြည်သူများ အပေါ် အမြတ်ကြီးစား အရင်းရှင်အတိုးပေးစားသူများ ကို အရေး ယူနိုင်သည့် ဥပဒေပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ပြည်သူအများ စု

လိုလားလျက်ရှိသည့်နည်းဥပဒေတွေ မကြာမီလာမည် ။

ဒါတွေ က ဒီမိုကရေစီ၏ အသီးအပွင့်တွေ ပဲ မဟုတ်လား။ ဘယ်သူတွေ က ဘာလုပ်ခိုင်းခိုင်း၊ ဘယ်သူက ဘယ်လိုအမိန့်ပေးပေး ပြည်သူတွေ အနေနဲ့ မေးခွန်းတွေ မေးရဲရမယ်။ ဟိုဟာလုပ်လိုက်ဆိုပြီး လက်ညှိုး ထိုးခိုင်းတိုင်း လက်ခံတာမကောင်းဘူး။

တချို့က လုပ်ပိုင်ခွင့်လည်းမရှိ၊ အမိန့်ပေးပိုင်ခွင့်လည်း မရှိဘဲနဲ့ လုပ်ခိုင်းနေတာတွေ လည်းရှိတယ်။ မေးခွန်းတွေ မေးကြပါလို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အားပေးတိုက်တွန်းသံကြားနေရ၏ ။

သည်လိုဆိုတော့လည်း ဒီမိုကရေစီအသံကြားနေရတာ ဟုတ်တုတ်တုတ်ပဲဟု ဆိုစရာရှိသည်။

သို့သော် ...

စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ်ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်ပြီး သပိတ်မှောက်ဆန္ဒပြကြသော သံဃာတော် များ ကို ရေပိုက်များ ဖြင့် ထိုး၍ မျက်ရည်ယိုဗုံးဖြင့် ပစ်ခတ်လူစုခွဲရာတွင် သံဃာတော် များ မီးလောင်ဒဏ်ရာ ပြင်းစွာ ရကြသဖြင့် ဒီမိုကရေစီအစိုးရ၏ လုပ်ရပ်ကို ပြည်သူများ က နားမလည်နိုင် ဖြစ်ကြ၏ ။

သပိတ်စခန်းကို ရက်ရက်စက်စက်နှိမ်နင်းဖြိုခွဲတာ ယခင်စစ်အစိုးရ၏ လုပ်နည်းလုပ်ဟန်ပဲ မဟုတ်လား။

ဒေသခံပြည်သူများ က မကျေမနပ်နှင့် သပိတ်မရပ်သေးပါ။

စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာကို စောင့်ဆိုင်းနေခြင်းသာ ဖြစ်သည်။

ကော်မရှင်အစီရင်ခံစာတွင် ကျွန်မတို့လိုလားချက်မပါဝင်ခဲ့သော် သပိတ်အရှိန်ကိုတိုးမြှင့်လုပ်ဆောင်သွားမည် ဟု မီဒီယာများ ကို ပြောကြားသည်။

ထိုကာလအတွင်း ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေး မှူး က ၂၀၁၃ ဇန်နဝါရီ

၁ ရက်နေ့မှစ၍ ပုဒ်မ ၁၄၄ ကို ထုတ်ပြန်ထားသည်။

အခြေအနေမကောင်းသေး၍ ဖေဖော်ဝါရီလကုန်အထိ တိုးမြှင့်သတ်မှတ်ထားသည်။

ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော အရပ်မှာ ဒီမိုကရေစီစကားသွားပြောလို့ ရမတဲ့လား။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၇ ရက်နေ့တွင် တရားဥပဒေစိုးမိုးရေး နှင့် လူ့အခွင့်အရေး လှုပ်ရှားမှု အဖွဲ့မှ ကိုညီညီဆိုသူက အချက် ၃ ချက်ကိုတောင်းဆိုပြီး ရန်ကုန်မြို့ တော်ခန်းမရှေ့တွင် ရပ်ကာ တစ်ကိုယ်တော် ဆန္ဒပြခဲ့၏ ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပေးပါ။ တရားဥပဒေစိုးမိုးရေး ကို အမြန်ဆုံးဆောင်ရွက်ပေးပါ။ အကျင့်ပျက် အဂတိလိုက်စားမှု ကို တိုက်ဖျက်ပေးပါ။

သူတောင်းဆိုသော အချက်များ သည် ပြည်သူလူထုအတွက်သာ ဖြစ်ပြီး သူကိုယ်တိုင်လည်း တစ်ကိုယ်တော် တိတ်တိတ်ဆိတ်ဆိတ်ဆန္ဒဖော်ထုတ်ခဲ့သည်။

သို့သော် အာဏာပိုင်များ က သူ့ကို အင်းစိန်အကျဉ်းထောင်၌ ယာယီထိန်းသိမ်းထားပြီး ပုဒ်မ ၅၀၅ ဖြင့် တရားစွဲဆိုထားသည်ဟုဆိုသည်။

ဇန်နဝါရီလ ၂၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရန်ကုန်မြို့ ဆူးလေဘုရားအနီးတွင် အလားတူ တစ်ကိုယ်တော် ဆန္ဒပြပွဲ ဖြစ်သေးသည်။

သူကလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်ချုပ်ချယ်ကန့်သတ်မှု များ ကြောင့် အာဏာရှင်အလိုကျရေး ဆွဲသည့်အတွက်ကြောင့် ဒီမိုကရေစီကို အဟန့်အတား ဖြစ်ကြောင်း အမြန်ဆုံးပြင်ဆင်ပေးရန်တောင်းဆိုကြောင်း၊ လည်ပင်းတွင် တောင်းဆိုချက်ဗီနိုင်းချိတ်ဆွဲပြီး အသံတိတ်ဆန္ဒပြခဲ့သည်။

ဆန္ဒဖော်ထုတ်သူ ကိုသန်းဝင်းအား ကျောက်တံတားရဲစခန်းမှ တာဝန်အရ စုံစမ်းမေးမြန်းရန် ခေါ်ဆောင်သွားကြောင်းသိရ၏ ။

၂၀၁၂ ဇွန်လတုန်းကလည်း မိုးထိမိုးမိဒေသ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ရေး လုပ်ငန်းက ယခင် အလုပ်သမားဟောင်းများ ကို ဆက်လက်လုပ်ခွင့် မပေးတော့ဘဲ အသေးစားရွှေထုတ်လုပ်ခြင်းမှ အကြီးစားအ ဖြစ် ပြောင်းလဲလုပ်ကိုင်ခဲ့ရာ အလုပ်သမားများ က မကျေမနပ် ဖြစ်ပြီး ဆန္ဒပြကြသည်။ ရမည်း သင်းမြို့ အထိ ချီတက်ဆန္ဒပြကြသည်။ အောက်တိုဘာ၊ နိုဝင်ဘာလများ တွင် ရန်ကုန်ရုံးချုပ်သို့ သွားရောက်ဆန္ဒပြတောင်းဆိုခဲ့သည်။

ဆန္ဒပြသူများ ကို တာဝန်ရှိသူများ က ညှိနှိုင်းဆောင်ရွက်ပေးသဖြင့် ကုမ္ပဏီက မေတ္တာကြေးဆိုပြီး ပေးသည်။ အလုပ်သမားများ က လျော်ကြေးမဟုတ်သဖြင့် လက်မခံ။ အလုပ်သမားနှင့် ရွှေတူးဖော်ရေး ကုမ္ပဏီတို့ အပြန်အလှန်အငြင်းပွားတင်းမာခဲ့ကြ၏ ။

နိဂုံးချုပ်သော် ဆန္ဒပြသူများ တရားစွဲဆိုခြင်းခံရပြီး ပုဒ်မ ၁၈ ဖြင့် စွဲဆိုထားသူများ ကို ငွေဒဏ် ၁၀၀၀၀ ကျပ် ဒဏ်ရိုက်ခံရပြီး၊ ပုဒ်မ ၅၀၅ (ခ) ဖြင့် စွဲဆိုထားခံရသူ ကိုရဲရင့်ထွန်း၊ ကိုနိုင်ဝင်း၊ ကိုနေအောင်ထက်၊ ကိုစောနောင်တို့ လေးဦးကို ထောင်ဒဏ် ၆ လ အမိန့်ချမှတ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ် ၊ စက်တင်ဘာလ ၂၁ ရက် (ကမ္ဘာ့ငြိမ်းချမ်းရေး နေ့တွင် လူမှု အဖွဲ့အစည်းပေါင်းစုံက ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ပြည်တွင်းစစ်ရပ်တန့်ပြီး ငြိမ်းချမ်းရေး စကားဆိုရန် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြမည့် အဖွဲ့အစည်းအချို့ကို နှစ် မြို့ နယ်အတွင်းသာဆန္ဒပြခွင့်ပြုခဲ့ပါသည်။ သို့သော် အချို့သော တိုင်းရင်းသား အဖွဲ့အစည်းအချို့ကို ခွင့်ပြုချက်မပေးခဲ့သည့်အတွက် ခွင့်ပြုချက်ရထားသည့် အဖွဲ့အစည်းများ နှင့် ပူးပေါင်းပြီး ရန်ကုန်မြို့ အနှံ့ ဆန္ဒပြကြ၏ ။

ဆန္ဒပြသူများ က မြို့တော် ခန်းမရှေ့တွင် စုစည်းပြီး၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ တာမွေ၊ ဗဟန်း၊ စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ လှိုင် စသည့် မြို့ နယ်များ ကို ဖြတ်ပြီး အင်းလျားကန်ဘောင်ရှေ့ရှိ ငြိမ်းချမ်းရေး ကျောက်တိုင်တွင် စုစည်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေး အခမ်းအနားကို ကျင်းပခဲ့ကြသည်။

ဆန္ဒပြပြီး နောက်တစ်နေ့တွင် ငြိမ်းချမ်းရေး ကွန်ရက်၊ ကချင်ငြိမ်းချမ်းရေး ကွန်ရက် အစရှိသည့် ဆန္ဒပြပွဲကို ဦးဆောင်သူ လူငယ်များ ကို မြို့နယ် ၁၀ မြို့နယ်မှ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ကြသည်။

ထိုငြိမ်းချမ်းရေး လူငယ်များ တရားရုံး ၁၀ ရုံးကိုလှည့်ပြီး တရားရင်ဆိုင်နေကြသည်။

ဒီမိုကရေစီ အကူးအပြောင်းတွင် မြောင်းထဲရောက်မသွားအောင် အတင်းရုန်းကန်နေကြရသူများ အမှန်တကယ်ရှိကြ၏ ။

ထိုအထဲတွင် ပြင်သစ်နိုင်ငံသား ခရစ္စတိုဖာလည်းပါ၏ ။ သူက ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကချင်ပြည်နယ် ငြိမ်းချမ်းရေး အတွက်လိုင်ဇာမြို့ သို့ လမ်းလျှောက်ပြီး အရောက်သွားမည့် ငြိမ်းချမ်းရေး အဖွဲ့နှင့် လိုက်ပါခဲ့သည်။

တောင်ငူမြို့ အရောက်တွင် အဖမ်းခံခဲ့ရ၏ ။ အာဏာပိုင်များ ကဖမ်းဆီးခြင်းမဟုတ် ခဏလိုက်ခဲ့ရန် ခေါ်ခဲ့ခြင်း ဖြစ်သည်ဟု ပြောသည်။

သို့သော် မိမိအား ဖုန်းပြောခွင့်မပေး၊ ဘယ်မှသွားလာခွင့် မရသဖြင့် ဖမ်းဆီးထားတာပဲဟု မိမိယူဆကြောင်း၊ နံနက် ၁၀ နာရီမှ ခေါ်ထားပြီး ညနေ ၅ နာရီ မှ ပြန်လွှတ်ပေးကြောင်း မြန်မာပို့စ်ဂျာနယ် နှင့် အင်တာဗျူး တွင် ပြောပြခဲ့သည်။

ဘာကြောင့် ငြိမ်းချမ်းရေး အဖွဲ့နှင့် လိုက်ပါသလဲမေးသော အခါ မြန်မာနိုင်ငံမှာ ဘာတွေ ဖြစ်နေသလဲဆိုတာ လိုက်ကြည့်တဲ့သဘော၊ ငြိမ်းချမ်းရေး ကိုလည်း လိုလားလို့လိုက်တာဟု ပြောသည်။

အဖမ်းခံရတဲ့အတွက် မြန်မာနိုင်ငံရဲ့ အာဏာပိုင်တွေ နဲ့အစိုးရအပေါ် ဘယ်လိုမြင်သလဲ။

သူ့အဖြေက ရှင်းသည်။ သမ္မတဦးသိန်းစိန်ကသာ အပေါ်ပိုင်းမှာ ပြောင်းလဲမှု တွေ လုပ်ဖို့ ပြောနေတဲ့အချိန်မှာ လူထုနဲ့ အကြီးအကဲတွေ ကြားမှာ ကြားခံနေတဲ့

အာဏာပိုင်တွေ ရဲ့ တားဆီးပိတ်ပင်မှု ကဒီမိုကရေစီခေတ်မှာ အတားအဆီး ဖြစ်နေတယ်။

နိုင်ငံတွေ မှာ တရားဥပဒေရှိရင် တရားဥပဒေအတိုင်း လိုက်နာဖို့လိုတယ်။

သူပြောချင်သည့် တရားဥပဒေက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ကို ဆိုလိုတာလား စဉ်းစားစရာ။

အဆိုပါပုဒ်မတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး ၊ တရားဥပဒေစိုးမိုးရေး ၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများ နှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေး များ ကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များ ကိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေး သားဖြန့်ဝေခွင့်။

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်။

(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

(ဃ) တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသား လူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ယဉ်ကျေးမှု ၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများ ကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

ဖွဲ့စည်းပုံပါ နိုင်ငံသား တစ်ယောက် ၏ အခွင့်အရေး သည် တကယ်ပဲရနေပြီလား။

ထိုအခွင့်အရေး ရဖို့အတွက် သက်ဆိုင်ရာ မြို့နယ်ရဲမှူး ထံ တင်ပြတောင်းခံနေရမှာ လား။

ရဲမှူး က ခွင့်မပေးလျှင် နိုင်ငံသား တစ်ယောက် ၏ ရပိုင်ခွင့် မရနိုင်တော့ဘူးလား။

ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ထဲတွင် ထိုအခွင့်အရေး ရရှိရန်အတွက် ရဲမှူး ထံ တင်ပြတောင်းခံရမည် ဟုမပါ။

သို့သော် ရဲမှူး ကလည်း အခြေခံဥပဒေကို အထောက်အကူပြုသော နည်းဥပဒေပုဒ်မ ၁၈ အရ တရားဥပဒေအတိုင်း ဆောင်ရွက်ခြင်းသာ ဖြစ်သည်ဟု ဆိုမည် ။ သူ့ဘက်ကကြည့်တော့ သူမှန်သည်။

သို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ အချက်အတိုင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေး သားခွင့်၊ ငြိမ်းချမ်းစွာ စုဝေး၊ စီတန်းလှည့်လည်ခွင့် စသည့် ဒီမိုကရေစီအခွင့်အရေး တွေ တကယ်ပဲရပြီလား။

ထိုမေးခွန်းကို မဖြေခင် အောက်ပါပုံပြင်လေးပြောခွင့်ပြုပါ။

တစ်ခါကရွာတစ်ရွာတွင် ပညာရှိကြီး တစ်ယောက် ရှိ၏ ။ သူ၏ ဉာဏ်ပညာ အမြော်အမြင်ကြောင့် လူသိထင်ရှား၏ ။ အများ ကယုံကြည်အားကိုး၏ ။ သို့သော် သူ့ကို ရပ်ရွာသူကြီးက မနာလိုဝန်တို ဖြစ်နေ၏ ။ ပညာရှိကြီးကို အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် ကြံစည်ချောင်းမြောင်းနေ၏ ။

သူကြီးအနားတွင် ဖော်လံဖား ကပ်မြှောင်စားနေသော တပည့်တချို့က သူကြီးကို မျက်နှာလုပ်သည့်အနေဖြင့် သူတို့တာဝန်ထားပါဟု သွားပြောကြသည်။

ပြီးတော့ သူတို့က ပညာရှိကြီးဆီသွားသည်။
သူတို့ထဲကခပ်မိုက်မိုက်ခေါင်းဆောင်က လက်ထဲတွင်
ငှက်ကလေးတစ်ကောင်ဖမ်းဆုပ်ထားပြီး ပညာရှိကြီးကို မေးခွန်းထုတ်သည်။

ပညာရှိကြီးခင်ဗျား အရမ်းနာမည် ကြီးတယ်နော်။ ဟုတ်မဟုတ် စမ်းသပ်ကြည့်ချင်လို့ပါ။

ပညာရှိကြီးက ဘာမျှပြန်မပြော၊ ပြုံး ရုံပဲပြုံး သည်။ ဘေးနားကို လူတွေ ဝိုင်းလာသည်။ ပွဲကြီးပွဲကောင်း ကြည့်ရတော့မှာ ပဲဟုမျှော်လင့်နေကြ၏ ။

အခု ကျုပ်လက်ထဲက ငှက်ကလေးက အရှင်လား၊ အသေလား။ မှန်အောင်ဖြေနိုင်ရင်တော့ ခင်ဗျားကို ပညာရှိလို့ ယုံမယ်။ မှန်အောင်မပြောနိုင်ရင်တော့ ခင်ဗျား အလကားလူပဲ။ ကျုပ်တို့မေးတာမဖြေဘဲ ထွက်သွားရင်တော့ ခင်ဗျားပညာရှိမဟုတ်လို့ဘဲ။

လူပုံအလယ် ဘေးကျပ်နံကျပ် ဖြစ်အောင် လူအုပ်စုဖွဲ့အနိုင်ကျင့် မေးခြင်းမျိုးကို မတုံ့ပြန်ချင်သော်လည်း အကြောင်းကြောင်းကြောင့် ပညာရှိကြီးက ပြန်ဖြေလိုက်၏ ။

လက်ထဲကငှက်ကလေးက အသေလေးပါ။

ထိုအခါ လူမိုက်တွေ က ငှက်ကလေးကို မိုးပေါ်ပစ်လွှတ်လိုက်ပြီး ပညာရှိကြီးကို ဝိုင်းဟားလိုက်ကြ၏ ။

လူမိုက်များ ပျော်ရွှင်စွာ ဟားတိုက်ရယ်မောထွက်ခွာသွားပြီးသော အခါ ပညာရှိကြီး၏ တပည့်တွေ က ဆရာကြီးကို ဘာကြောင့်သည့်လို ဖြေရသလဲဟု မကျေမနပ်ဖြင့် ပြောကြ၏ ။

ဟုတ်တယ် ... တပည့်တို့ ...

ဆရာကြီး သည့်လိုဖြေလိုက်လို့ လူမိုက်တွေ က ဟားတိုက်ရယ်မောကြတယ်။

ဒါပေမဲ့...ငှက်ကလေး ကတော့ အသက်ရှင်ပြီး ထပ်ပျံခွင့်ရသွားတယ် မဟုတ်လား။

လူမိုက်တွေ ရဲ့ ကဲ့ရဲ့ တင်းဆို ဟားတိုက်တာ အရေး မကြီးပါဘူး။ ငှက်ကလေးအသက်ရှင်ဖို့က အရေး ကြီးပါတယ်ဟု ဆရာကြီးက ပြန်ဖြေလိုက်သည်။

အကယ်၍ တစ်စုံ တစ်ယောက် က မြန်မာနိုင်ငံတွင် ဒီမိုကရေစီရပြီလားဟု ကျွန်တော့် အားမေးခဲ့လျှင် ... မရသေးဘူးဟု ကျွန်တော် ဖြေပါမည် ။

ပညာရှိပုဂ္ဂိုလ်ကြီးလို စေတနာမျိုးနှင့်ပါ။

•••

# အခန်း(၅)

## အစိုးရနဲ့ ပြည်သူ ကြည်ဖြူဖို့လိုသည်

အစိုးရနဲ့ပြည်သူ ကြည်ဖြူဖို့လိုတယ်လို့ ပြောလိုက်တဲ့အခါမေးခွန်းထုတ်စရာ ဖြစ်လာသည်။ ဘယ်နိုင်ငံက ပြည်သူတွေ က အစိုးရကို လုံးဝဥဿုံ ကြည်ဖြူကြလို့တုံး။

ပြည်သူတွေ က သူတို့အစိုးရကို သူတို့အကြိုက် လုပ်ပေးတဲ့အခါ လက်ခုပ်သြဘာတီးပေးပြီး သူတို့ဆန္ဒနဲ့ ဆန့်ကျင်တာလုပ်မိရင်ဝိုင်းအပြစ်တင်ကြတာပဲ မဟုတ်လား။

မှန်ပါသည်။ ပြည်သူအားလုံး အုံးအုံးကျွက်ကျွက် တစ်ခဲနက်ထောက်ခံကြသော အစိုးရမျိုးမရှိပါ။ ရှိပါသည်ဆိုပြီး ဓာတ်ပုံအထောက်အထားပြပြောလျှင် အာဏာရှင်အစိုးရအုပ်ချုပ်သော နိုင်ငံသာ ဖြစ်ပါလိမ့်မည် ။

သို့ သော် အစိုးရသည် ပြည်သူက ရွေးချယ်တင်မြှောက်ထားသော အစိုးရစစ်စစ်သာ ဖြစ်ပါက ပြည်သူအများ စု၏ ဆန္ဒကို လေးစားလိုက်နာမည် မှာ သေချာသည်။

ပြည်သူအများ စုကို ထိခိုက်နစ်နာစေသော ကိစ္စ၊ အစိုးရအဖွဲ့ ဝင်များ လာဘ်စားသည့်ကိစ္စ၊ အာဏာအလွဲသုံးစားကိစ္စ၊ လူမှု ရေး ရှုပ်ထွေးသည့်ကိစ္စများ ပေါ်ပေါက်ပါက ပြည်သူက အစိုးရကို အကြည်ညိုပျက်လာမည် ။ ထိုအခါ ပြည်သူ့ ဘက်က ရပ်တည်သော အတိုက်အခံပါတီက လွှတ်တော် တွင် အစိုးရကို အယုံအကြည်မရှိ တင်သွင်းပြီးဖြုတ်ချဖို့ ကြိုး စားလိမ့်မည် ။ အစိုးရကလည်း အပြင်းအထန် ခုခံကာကွယ်ရ၏ ။ လွှတ်တော် တွင် မဲခွဲ၍ အစိုးရဘက်က အရေး နိမ့် သွားပါက အစိုးရအဖွဲ့ သွားပေရော့။

အစိုးရ၏ လုပ်ရပ်မှန်သမျှကို မီဒီယာများ က အသေအချာစောင့်ကြည့်ပြီး ပြည်သူကို အသိပေးနေသဖြင့် အစိုးရခြေလှမ်းမှာ းနေလျှင် ပြည်သူက ဖိအားပေးပြီး တည့်မတ်ပေးနိုင်၏ ။

အစိုးရနှင့် ပြည်သူ ထပ်တူမကြည်ဖြူသော်လည်း ပြည်သူနှင့် အစိုးရသည် မိဘနှင့် သားသမီးလို အပြန်အလှန်အကျိုးပြုနေကြ၏ ။

အစိုးရက ပြည်သူကို မိဘလို သဘောထားဆက်ဆံပြီးမိဘသဖွယ် လုပ်ကျွေးပြု စုရမည် မှာ အစိုးရတာ ဝန် ဖြစ်၏ ။

ဒီမိုကရေစီနိုင်ငံအများ စုတွင် အစိုးရက ပြည်သူကိုတန်ဖိုးထားပြီး အလုပ်အကျွေးပြုကြ၏ ။ ပြည်သူ့အကျိုး ဦးထိပ်ထားသယ်ပိုးဆောင်ရွက်ကြ၏ ။

ပြည်သူကြည်ဖြူအောင် ဒီမိုကရေစီ အစိုးရတွေ က ကြိုး ပမ်းအားထုတ်ကြသည်။

ဥပမာ = အမေရိကန်သမ္မတ အိုဘားမားသည် အစောပိုင်းကလေးဘဝ ပညာရေး အသုံးစရိတ်အတွက် အစိုးရမှ ဘတ်ဂျက်ပိုမိုရရှိရေး ပြည်သူလူထု၏ ထောက်ခံမှု ရရှိအောင် လှည့်လည်စည်းရုံးနေကြောင်း သိရသည်။

ဂျော်ဂျီယာပြည်နယ် ဒီကာတာမြို့ ရှိ မူကြိုကျောင်းတစ်ကျောင်းသို့ သွားရောက်လည်ပတ်ပြီး ကလေးများ နှင့် ရင်းရင်းနှီးနှီးကစားခဲ့သည်။ ကျောင်းသားမိဘများ ကိုလည်း ကလေးငယ်တို့၏ အစောပိုင်းဘဝပညာရေး ကို အလေးထားဆောင်ရွက်သင့်ကြောင်းအိုဘားမားက ဟောပြောခဲ့၏ ။

သမ္မတ တစ်ယောက် က အစောပိုင်း ကလေးဘဝ ပညာရေး အလေးထားသင့်ကြောင်း ပြောဆိုခဲ့သည်ကို ရုပ်မြင်သံကြားမှတစ်ဆင့်သူ့ပြည်သူများ က တွေ့မြင်သိရှိကြမည် ။

ကလေးငယ်လေးတွေ ပညာရေး ကို အလေးထားသော သမ္မတ၊ ထိုသမ္မတရဲ့ ကလေးငယ်များ အတွက် ပညာရေး အသုံးစရိတ်ကို ဘာလို့တိုးမြှင့်မပေးနိုင်ရမှာ လဲ။ ပြည်သူတွေ က မေးခွန်းတွေ ထုတ်ပြီး အသံတွေ ဆူညံဆူညံ ဖြစ်ကာ လွှတ်တော် သို့ ရောက်သွားလျှင် ကိုယ်စားလှယ်အများ စုက သဘောတူကြမည် ထင်သည်။

ပြည်သူတွေ ကြည့်ဖြူဖို့အရေး အိုဘားမားအချိန်ပေးစည်းရုံးခဲ့၏ ။ သူ့ရုံးခန်းမှ သူ့အဖွဲ့တွေ နှင့် တိုင်ပင်ဆောင်ရွက်ပြီးလွှတ်တော် သို့ တင်ပြ၍ ရသည်။ သို့ သော် ပြည်သူတွေ မထောက်ခံလျှင် သည်ကလေးတွေ အတွက် သူလုပ်ပေးချင်တာတွေ ဘတ်ဂျက်မလုံလောက်၍ လုပ်မပေးနိုင်ဘဲ ဖြစ်တော့မည် ။

ကမ္ဘာ့နံပါတ်တစ်နေရာမှ ဦးဆောင်နေသော ဖွံ့ဖြိုး တိုးတက်ပြီး အမေရိကန်နိုင်ငံသည် ကလေးငယ်တို့၏ ပညာရေး ကို အလေးထားခဲ့၏ ။

မြန်မာနိုင်ငံတွင် လည်း သမ္မတကြီး ဦးသိန်းစိန်သည် ဖေဖော်ဝါရီလ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တက္ကသိုလ်၌ တိုင်းပြည်တည်ဆောက်ရာတွင် ပညာရေး သည် အလွန်အရေး ကြီးကြောင်း ပြောသွားခဲ့၏ ။ ပညာရေး ကဏ္ဍတွင် ရင်းနှီးမြှု ပ်နှံခြင်းသည်တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေး တွင် အကျိုးအရှိဆုံး ဖြစ်ကြောင်း၊ နိုင်ငံတော် အနေဖြင့် ပညာရေး နှင့် ကျန်းမာရေး ကဏ္ဍတို့တွင် ဘတ်ဂျက်အသုံးစရိတ် တိုးမြှင့်ထားကြောင်းပြောကြားခဲ့၏ ။

အစိုးရသည် ပညာရေး ကို အလေးထားကြောင်း သိရှိရသဖြင့် နိုင်ငံအတွက် အားတက်ခဲ့ရသည်။

ယခင်က ပညာရေး ဘတ်ဂျက်ကို နိုင်ငံတော် ဘတ်ဂျက်တစ်ခုလုံးမှ ရာခိုင်နှုန်းမည် မျှ သုံးစွဲပါသနည်း။ မည် သည့်ရာခိုင်နှုန်းလောက် တိုးမြှင့်သုံးစွဲခဲ့ပါသနည်း။ တိုးမြှင့်သုံးစွဲသော ဘတ်ဂျက်သည် လုံလောက်ပါ၏ လော။ မလုံလောက်လျှင် ပြည်သူ၏ ထောက်ခံမှု ရယူပြီး လွှတ်တော် တွင် ဘတ်ဂျက်တိုးတောင်းရန် အစီအစဉ်ရှိမရှိ။ ပြည်သူတွေ က မေးခွန်းထုတ်ခွင့်မရခဲ့။

ကျွန်တော် တို့နိုင်ငံသည် နှစ် ပေါင်း ၅၀ ကျော် စစ်အစိုးရအဆက်ဆက် အုပ်ချု ပ်ခဲ့သဖြင့် ပြည်သူတွေ မှာ ပြားပြားဝပ်ကြောက်ခဲ့ရသည်။ တိုင်းပြည်ဘဏ္ဍာငွေကို အစိုးရက ဘယ်လိုသုံးစွဲနေမှန်းပြည်သူတွေ သိခွင့်မရခဲ့။ မေးမြန်းခွင့်လည်း မရ။

၁၉၇၄ မှာ ဦးနေဝင်းစီစဉ်သော လွှတ်တော် ပေါ်ခဲ့ဖူးသည်။

လက်ညှိုး ထောင်၊ ခေါင်းညိတ်လွှတ်တော် ဟု ပြောကြ၏ ။ ၁၉၈၈ အထိ ၁၄ နှစ် ပဲခံသည်။ စစ်တပ်က အာဏာပြန်သိမ်းပြီး စစ်အစိုးရအုပ်ချုပ်မှု အောက်ပြန်ရောက်သွားခဲ့သည်။ ထိုစဉ်ကာလအတွင်း း နိုင်ငံတော် ရသုံးခန့်မှန်းခြေငွေစာရင်းသည် ပြည်သူနှင့် ဘာမျှမသက်ဆိုင်သလို ဖြစ်ခဲ့ရ၏ ။

၂၀၁၀ ရွေးကောက်ပွဲအပြီး သမ္မတကြီးဦးသိန်းစိန်အစိုးရသစ်ပေါ်ပေါက်လာတော့မှ ဒီမိုကရေစီ အလင်းရောင် စတင်ပေါ်ပေါက်လာခဲ့၏ ။ မီဒီယာလွတ်လပ်ခွင့်တွေ ပေးခဲ့သည်။ ဂျာနယ်တွေ က အစိုးရကို ဝေဖန်ရေး သားခွင့်ရလာသည်။ လွှတ်တော် နှစ် ရပ်တွင် ဥက္ကဋ္ဌကြီးများ ၏ ခွင့်ပြုလိုက်လျော အားပေးမှု များ ကြောင့် ပွင့်ပွင့်လင်းလင်းပြောဆိုလာကြ၏ ။

ပြည်သူ့ကိုယ်စားလှယ်များ က ပြည်သူ့ကိုယ်စား ဝန်ကြီးဌာနများ ကို မေးခွန်းတွေ မေးလာကြသည်။ မဆလခေတ်လို လက်ညှိုး ထောင်၊ ခေါင်းညိတ်အဆင့်မျိုး မဟုတ်တော့။ သိသိသာသာ တိုးတက်လာသည်။ သို့သော် ပါလီမန်ခေတ် ပြည်သူ့လွှတ်တော် လောက်တော့ ပွင့်လင်းမှု မရှိသေး၊ ကိစ္စမရှိ။ ဒါမျိုးက ချက်ချင်း ကြီး ပြောင်းလဲလို့မရ။ ဒီမိုကရေစီစနစ် အသားကျလာမှ ဖြစ်မည့် ကိစ္စမျိုး။

ဘာပဲ ဖြစ် ဖြစ် ပြည်သူတွေ ခေါင်းထောင်ခွင့်ရလာသည်။

တိုင်တောစရာ၊ အားကိုးစရာ လွှတ်တော် ရှိလာသည်။ ပြည်သူ့ကိုယ်စားလှယ်နှင့် ဖွဲ့စည်းထားသော လွှတ်တော် သည် အစိုးရကိုထောက်ပြနိုင်သည်။ မေးမြန်းနိုင်သည်၊ အကြံပေးဆွေးနွေးနိုင်သည်။

အစိုးရသည် သူ့သဘောနှင့် သူ ထင်တိုင်းကြဲ အုပ်ချုပ်ခွင့်မရတော့။ ဝန်ကြီးများ ၏ လုပ်ဆောင်ချက်များ ကို မီဒီယာများ မှတစ်ဆင့်ပြည်သူတွေ က စောင့်ကြည့်နေကြသည်။

ပြည်သူတွေ ထဲမှ အော်သံကြားရသော အခါ ဟန်မကျသော ဝန်ကြီးအချို့ သူ့ဘာသာ နုတ်ထွက်သွားတာမျိုး တွေ ့လာသည်။

ယခင်က အာဏာရှင်အကြိုက်မတွေ ့လျှင် ဝန်ကြီးရာထူး ပြုတ်နိုင်၏ ။

ယခု ပြည်သူအကြိုက်မတွေ့လျှင် ဝန်ကြီးရာထူး ပြုတ်သွားနိုင်သည်။

အစိုးရနှင့် ပြည်သူ ကြည်ဖြူစွာ ပူးပေါင်းလုပ်ဆောင်ကြလျှင်နိုင်ငံဖွံ့ဖြိုး တိုးတက်လာမှာ သေချာသည်။

ယခင် စစ်အစိုးရလုပ်ခဲ့သော လုပ်ငန်းတချို့သည် ပြည်သူကိုအကြီးအကျယ် ထိခိုက်နစ်နာစေနိုင်၏ ။ သမ္မတကြီးဦးသိန်းစိန်၏ အစိုးရသစ်လက်ထက်တွင် ပြောခွင့်ဆိုခွင့်များ ပေးလိုက် သော အခါဧရာဝတီမြစ်ဆုံစီမံကိန်းကိစ္စ စတင်ပေါ်ပေါက်လာသည်။

ကချင်ပြည်နယ်အတွင်းရှိ မေခနှင့် မလိခမြစ်ဆုံ နေရာတွင် ရေအားလျှပ်စစ် ဓာတ်အားပေးရုံဆောက်ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ရောင်းချမည့် စီမံကိန်းအကောင်အထည်ဖော်ဆောင်သည်။

ယခင် အစိုးရလက်ထက်က သဘောတူညီချက် လက်မှတ်ရေး ထိုးပြီးသား တရုတ်ကုမ္ပဏီနှင့် သူ့လူများ ရောက်ရှိပြီး လုပ်ငန်းစတင်နေချိန်အစိုးရအပြောင်းအလဲ ဖြစ်သည်။

သမ္မတကြီးက မိဘပြည်သူဟူသော အသုံးအနှုန်းဖြင့် မိန့်ခွန်းတွေ ပြောလာပြီး ဒီမိုကရေစီအခွင့်အရေး အချို့ ပေးလာသည်။

ဒေသခံပြည်သူများ နှင့် စာပေအနုပညာရှင်များ ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပူးပေါင်း၍ စည်းဝေးပွဲတွေ ကျင်းပ၊ စာတမ်းတွေ ပြုစုပြီး သမ္မတကြီးထံတင်ပြသည်။

မြန်မာနိုင်ငံကို သဘာဝ က ပေးအပ်ထားသော မြစ်ဆုံအလှပျောက်ကွယ်သွားနိုင်ခြင်း၊ ဧရာဝတီမြစ်ကြီး တိမ်ကောပျက်စီးသွားနိုင်ခြင်း၊ မြစ်ညာပိုင်းရှိ တိုင်းရင်းသားကျေးရွာများ နစ်မြုပ်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးသွားနိုင်ခြင်း၊ အနီးအနားရှိ ရော်ဘာစိုက်ခင်းနှင့် ကျွန်းစိုက်ခင်းများ ပျက်စီးသွားနိုင်ခြင်း၊ ရာသီဥတုဖောက်ပြန်၍ ရေခဲတောင်အရည်ပျော်ခြင်း၊ မိုးသည်းထန်စွာ ရွာခြင်း၊

အင်အားပြင်းထန်သည့် လျှောင်လှုပ်ခြင်းတို့ ဖြစ်ပေါ်လာပါက မြစ်ဆုံဆည်ပျက်စီးပြီး ဆည်အောက်ပိုင်းရှိ မြို့ ရွာများ ရေနစ်မြုပ် ပျက်စီးသေကြေနိုင်ကြောင်း ပညာရှင်တွေ က ခိုင်ခိုင်လုံလုံတွက်ချက်တင်ပြနိုင်မှု ကြောင့် သမ္မတကြီးဦးသိန်းစိန် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကိုအလေးထားပြီး သူ့သက်တမ်းအတွင်း ၊ မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းကြောင်း အမိန့်ထုတ်ပြန်ပေးခဲ့၏ ။

ခိုင်မာသော စာချုပ်စာတမ်းတွေ ရှိသော်လည်း ပြည်သူတွေ ကြည်ဖြူအောင် သမ္မတကြီးက သူ့လုပ်ပိုင်ခွင့်အာဏာဖြင့် မြစ်ဆုံစီမံကိန်းကိုရပ်ဆိုင်းခဲ့သည်။

ပြည်သူတွေ က သမ္မတကြီးကို ချီးကျူး ကြသည်။ လက်ခုပ်တီး၍ အားပေးထောက်ခံကြသည်။ သမ္မတကြီးမှာ မည် ကဲ့သို့ သော အခက်အခဲတွေ ရှိရှိ၊ ပြည်သူတွေ က သမ္မတကြီးနောက်ကရှိမည် ။

စာချုပ်ပါအတိုင်း တရုတ်ကုမ္ပဏီကို လျော်ကြေးပေးရမည် ဆိုလျှင်လည်းပြည်သူတွေ က ဝိုင်းဝန်းကောက်ခံစုဆောင်းပြီး လျော်ကြေးပေးမည် ။

ပြည်သူနှင့် အစိုးရ ကြည်ဖြူလျှင် အဘယ်လူကြားဝင်၍ ရမည် နည်း။ ဖိအားတွေ ခြိမ်းခြောက်မှု တွေ တို့မကြောက်။ အစိုးရနဲ့ပြည်သူ လက်တွဲ ရင်ဆိုင်အံ့။

သို့ ကလို စိတ်ခွန်အားတွေ မြင့်တက်နေတုန်း လက်ပံတောင်းတောင် အရေး အခင်း ပေါ်ပေါက်လာသည်။

မုံရွာခရိုင်ရှိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိုတရုတ်ဝမ်ပေါင်ကုမ္ပဏီနှင့် ဦးပိုင်ကုမ္ပဏီတို့က စာချုပ်ချုပ်ဆို လုပ်ကိုင်နေ၏ ။

စီမံကိန်းအတွက် ကျေးရွာပေါင်း ၂၂ ရွာမှ လယ်မြေများ အသိမ်းခံရပြီး၊ ရွာလေးရွာ၊ ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရသည်။ ၂၀၁၀ပြည့် စီမံကိန်းအတွက် ဒေသခံတောင်သူလယ်သမားတစ်ဦးကို သုံးနှစ် စာ သီးနှံလျော်ကြေး (၅၂၀၀၀၀-ကျပ်) သာပေးပြီး လယ်ယာမြေများ ကို အပြီးတိုင်သိမ်းယူသဖြင့် အသိမ်းခံရသော

လယ်ယာမြေဧကပေါင်း ၇၈၀၀ ကျော်အတွက် တောင်သူလယ်သမားများ က မကျေနပ်၍ ဆန္ဒပြကြသည်။

ဩဂုတ်လ တတိယပတ်မှစ၍ နေ့စဉ်နီးပါး ဖြစ်ပေါ်လျက်ရှိသည်။ ထိုအခါ စီမံကိန်းတွင် တာဝန်ယူရသော ရဲတပ်ဖွဲ့ဝင် လေးဆနီးပါးက စီမံကိန်းဧရိယာအတွင်း ဝင်လာသော ဒေသခံများ ကို ဒိုင်းများ ၊ရော်ဘာ လက်ကိုင်တုတ်များ ဖြင့် ရိုက်၍ လူစုခွဲခြောက်လှန့်ခဲ့ကြသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် တစ်နှစ် လျှင်ကြေးနီတန်ချိန် တစ်သိန်းမှ တစ်သိန်းခွဲအတွင်း ထုတ်လုပ်သွားမည် ဖြစ်ပြီး ကြေးနီတန်တစ်ရာထွက်ပါက ၅၁ တန်ကို တရုတ်ကုမ္ပဏီကယူပြီး ၄၉ တန်ကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ရမည် ဖြစ်ပါသည်။

နိုင်ငံတော် အနေဖြင့် အကျိုးခံစားခွင့် အနည်းငယ်သာရပြီး တောင်သူလယ်သမားတွေ စိုက်ပျိုးစရာမြေမရှိဘဲ အငတ်ဘေးဆိုက်ကိန်း ဖြစ်နေ၏ ။

ပြီးတော့လည်း တောင်တွေ ကိုဖြိုအက်ဆစ်နှင့် ဖျော်ရသဖြင့် အက်စစ်ရေတွေ က မြစ်ချောင်းတွေ ထဲစီးဆင်း၊ မြေကြီးထဲစိမ့်ဝင်သဖြင့် ဒေသတစ်ခုလုံး အက်ဆစ်အဆိပ်သင့်မှာ စိုးကြောက်ရသည်ဟု ဒေသခံတွေ ဆိုသည်။

ဆန္ဒပြပွဲတွေ စိပ်လာပြီး သပိတ်စခန်းတွေ ဖွင့် လာကြသည်။

သပိတ်စခန်းတွင် သံဃာတော် တွေ ပါဝင်လာသည်။ တာဝန်ရှိသူအာဏာပိုင်များ က သပိတ်စခန်းမှထွက်ပေးဖို့ကြေညာသည်။ ဆန္ဒပြသံဃာတော် များ က ထွက်မပေးသဖြင့် ရေနင့်ပက်သည်။ နောက်တစ်ဆင့်အမျိုးအစားမသိသည့် မုံးများ ဖြင့် ပစ်သည်။

သံဃာတော် တွေ မီးလောင်ဒဏ်ရာတွေ ပြင်းထန်စွာ ရကုန်ပြီးတစ်ပြည်လုံး အုံးအုံးကျွက်ကျွက် ဖြစ်သွားသည်။ သံဃာတော် တွေ ကိုရက်ရက်စက်စက် နှိမ်နင်းဖြို ခွင်းခဲ့သည်။ ၂၀၀၇ ခုနှစ် က သံဃာအရေး အခင်း ဖြစ်ရပ်များ ကို ပြန်အမှတ်ရစေသည်။

သမ္မတကြီး ဦးသိန်းစိန်အစိုးရကိုလည်း ပြည်သူတွေ ကဘယ်လိုနားလည်ရမှန်းမသိ ဖြစ်သွား၏ ။

ဘုရားနှင့်တစ်ဂိုဏ်းတည်းထားသည့် သံဃာတော် များ ကိုမီးလောင်စေသည့်ဗုံးများ ဖြင့် ရက်ရက်စက်စက်ဖြိုခွင်းခြင်းသည်ဒီမိုကရေစီအစိုးရ၏ လုပ်ရပ်မှ ဟုတ်ပါ့မလားဟု မေးခွန်းတွေ ထုတ်လာသည်။

သို့သော် အစိုးရက သံဃာတော် များ ကို ဝန်ချတောင်းပန်သည်။ လက်ပံတောင်းတောင် အရေး အခင်းကို စုံစမ်းစစ်ဆေးရေး အတွက် ကော်မရှင်ဖွဲ့ပေးသည်။

ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းဆောင်တင်၍ စုံစမ်းစစ်ဆေးစေသည်။ စုံစမ်းစစ်ဆေးရေး ကော်မရှင်က မတ်လကုန်မှထုတ်ပြန်ကြေညာမည် ဟု ဆိုသည်။

ဒေသခံတွေ က ကော်မရှင်၏ ထုတ်ပြန်ကြေညာချက်ကိုစောင့်ဆိုင်းနေသည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဖျက်သိမ်းမည့် အချက်မပါလျှင် မည်သူပြောပြောသဘောမတူ၊ ကန့်ကွက်ဆန္ဒပြသွားမည် ဟု မောင်းတင်ထားကြသည်။

နိုင်ငံတကာကလည်း စောင့်ကြည့်နေသည်။ ထုတ်ပြန်ချက်ကဘယ်လိုလာမလဲ။ ဒေါ်အောင်ဆန်းစုကြည်က တကယ်ပဲအမှန်တရားဖော်ထုတ်ပြီး ထုတ်ပြန်ကြေညာမှာ လား၊ တာဝန်ရှိသူတွေ ကို တကယ်ပဲအရေး ယူမှာ လား။

သမ္မတကြီးဦးသိန်းစိန်အစိုးရသည် ထိုကိစ္စကို သတိကြီးစွာ ကိုင်တွယ်ရလိမ့်မည် ။

ထိုနည်းအတူ ဒေါ်အောင်ဆန်းစုကြည်ကလည်း သတိကြီးစွာ ဖြင့် ဘက်စုံထောင့်စုံက စဉ်းစားပြီး အဖြေထုတ်ရပေလိမ့်မည် ။

ဩဇာရှိသော ခေါင်းဆောင်နှင့် အာဏာရှိသော ခေါင်းဆောင်နှစ် ဦးအတွက် စိန်ခေါ်မှု တစ်ခု ဖြစ်နိုင်သည်။

အမှန်တရားရှုထောင့်မှ ရပ်တည်၍ စိတ်စေတနာကောင်းနှင့် ရိုးဖြောင့်စွာ

ကိုင်တွယ်ဖြေရှင်းလျှင် ပြည်သူတွေ က မလွဲမသွေယုံကြည်လက်ခံလာနိုင်သည်။

ယခုအခါ ၂နှစ် သား ဒီမိုကရေစီသည် အတော် ခရီးပေါက်လာသည်။ ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်း ဖြစ်ဖို့ မဝေးတော့ပြီ။

အစိုးရသည် ဘာပဲလုပ်လုပ် ရိုးဖြောင့်စွာ ဖြင့် ပြည်သူကို ချပြပြီးလုပ်လျှင် ပြည်သူက ပိုမိုကြည်ဖြူထောက်ခံလာလိမ့်မည် ။

ထိုနေရာတွင် စင်ကာပူနိုင်ငံကို အတုယူသင့်၏ ။ စင်ကာပူလွတ်လပ်ရေး နေ့တွင် ဝန်ကြီးချုပ်ကနိုင်ငံကို မိန့်ခွန်းပြောသည်။

သူ့မိန့်ခွန်းက သူ့အစိုးရအဖွဲ့၏ လုပ်ဆောင်မှု ၊ လုပ်ဆောင်မည့် ၊ လုပ်ဆောင်ဆဲလုပ်ငန်းများ ကို ပြည်သူကိုချပြသည်။

တိုင်းပြည်၏ စီးပွားရေး အခြေအနေကိုတင်ပြသည်။ ရှေ့အလားအလာနှင့် နိုင်ငံအတွက် လိုအပ်ချက်များ ကို အစီရင်ခံသွားသည်။

ပွင့်လင်းမြင်သာသော စီမံကိန်းလုပ်ငန်းများ ကို ပြည်သူတွေ အသိပေးသည်။ အကြံဉာဏ်တောင်းသည်။ ဝေဖန်ခွင့်ပေးသည်။

ပြည်သူများ ၏ ဝေဖန်အကြံပြုချက်များ ကိုရယူပြီး စီမံကိန်းများ ကို အကောင်အထည်ဖော်ဆောင်ရွက်သွား၏ ။ ထို့ပြင် ပြည်သူများ အတွက် နေစရာအိမ်ခန်း၊ စီးစရာကားအကြွေးစနစ်ဖြင့် အကုန်ပေးထားသည်။ ဝန်ထမ်းများ ကို အကြွေးစနစ်ဖြင့်ပြည့်စုံစွာ ထားပေးပြီး၊ အလုပ်ကိုတာဝန်ကျေပွန်စွာ လုပ်ဆောင်စေသည်။

တာဝန်မကျေပွန် လာဘ်ပေးလာဘ်ယူလုပ်ပါက အလုပ်မှထုတ်ပစ်ပြီးထောင်ချသည်။ အကြွေးစနစ်ဖြင့်ပေးထားသော အရာအားလုံးပြန်သိမ်းသွားသည်။ တစ်ခါတည်း မိသားစုဘဝပျက်သွားနိုင်သည်။

ထို့ကြောင့် စင်ကာပူနိုင်ငံသားများ သည်အလုပ်ကို အားကြိုး မာန်တက်လုပ်ကြသည်။ အလုပ်ပြုတ်မှာ အလွန်ကြောက်၏ ။

သူ့ပြည်သူများ ကိုလည်း တစ်နှစ် တစ်ခါ အပိုဆုကြေးသဘောမျိုးပေးသည်။ သူတို့၏ ဘဏ်စာအုပ်ထဲကို အစိုးရက သူတို့ရသည့် ဝင်ငွေအချိုးအစားအလိုက် ငွေထည့်ပေးသည်။

အစိုးရကပေးသည့်ငွေက ပြည်သူတွေ ပစ္စည်းဝယ်တိုင်းပေးရသည့် ၅ ရာခိုင်နှုန်းအခွန်ဝင်ငွေထဲက အချိုးကျပြန်ခွဲဝေပေးခြင်း ဖြစ်သည်။

အစိုးရက ပြည်သူများ ကို ငွေပြန်အမ်းသည့် သဘောမျိုး ဖြစ်သော ကြောင့် နည်းနည်း များများ လူ့သဘာဝ အရ အစိုးရထံကပြန်ရသည့်အတွက် ပျော်သည်။

အစစအရာရာ စားဝတ်နေရေး အဆင်ပြေအောင် ဖန်တီးပေးသည့် စင်ကာပူအစိုးရကို သူ့ပြည်သူတွေ က ကြိုက်သည်။ သို့သော် အာဏာကို သားစဉ်မြေးဆက်ရယူထားပြီး၊ မီဒီယာလွတ်လပ်ခွင့်မရှိဟုယူဆသဖြင့် တချို့ကမကြိုက်။ အတိုက်အခံလုပ်ကြသည်။ အပြောင်းအလဲလိုချင်ကြ၏ ။

သို့သော် ရွေးကောက်ပွဲတွင် မဲပေးသူ ပြည်သူများ က အတိုက်အခံပါတီက သူတို့အကျိုးစီးပွားကို ယခုထက်ကောင်းအောင် လုပ်ပေးနိုင်ပါ့မလားဟု မယုံရဲကြသော ကြောင့် အာဏာရပါတီကိုပဲ မဲထည့်ခဲ့ကြသည်။

အစိုးရက မည် မျှကောင်းအောင် ကြိုး ပမ်းဆောင်ရွက်ပေးသော်လည်း မကြို က်သူ၊ မကြည်ဖြူရှိသေးသည်။ သို့သော် သူတို့နေရေး ၊ ထိုင်ရေး ၊ သွားရေး ၊ လာရေး ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးထားသော အစိုးရကို အချိန်တန်မဲထည့်ပြီး ထောက်ခံကြောင်း ပြသကြ၏ ။

အစိုးရက ပြည်သူတွေ ကြည်ဖြူအောင် လုပ်ပြထားသော ကြောင့် ဖြစ်ပါ၏ ။

မြန်မာပြည်၏ ဒီမိုကရေစီအစိုးရသည် ပြည်သူတွေ ကြည်ဖြူအောင် စင်ကာပူအစိုးရကဲ့သို့ ကြိုး ပမ်းလုပ်ဆောင်ခဲ့၍ ပြည်သူတွေ စားဝတ်နေရေး ၊ သွားလာရေး ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်ပြေလာခဲ့သော် ပြည်သူတွေ ကြည်ဖြူလာမှာ သေချာသည်။

ပြည်သူတွေ ကို တန်ဖိုးထားလေးစားပြီး သူတို့အတွက် အဆင်ပြေအောင် အစစအရာရာ စီမံဖန်တီးပေးသော အစိုးရမျိုးလိုချင်ပါသည်။ ထိုအစိုးရမျိုးကို ကြိုဆိုပါ၏ ။ လိုလားတောင့်တပါ၏ ။ ကြည်ဖြူအားကိုးချင်ပါ၏ ။

•••

# အခန်း(၆)

## ဆင်းရဲမွဲတေမှု ပပျောက်ရေး

ဆင်းရဲမွဲတေမှု ပပျောက်ရေး တို့အရေး ...တို့အရေး ။

ဒီလိုကြွေးကြော်ရအောင် မြန်မာပြည်ကြီး တကယ်မွဲနေပြီလား၊ချမ်းသာတဲ့သူ မရှိတော့ဘူးလား။

ချမ်းသာတဲ့သူတွေ ရှိပါ့။ သန်းကြွယ်သူဌေးတွေ အများ ကြီး။ လေယာဉ်ပုံတောင် ဝယ်စီးနိုင်ပါရဲ့ ။

ပိုက်ဆံတွေ မှ အများ ကြီး။ ဘဏ်အပ်ရင် လူသိမှာ စိုးလို့အိမ်မှာ သိမ်းထားရတယ်။ အခန်းပြည့်။ ထားစရာမရှိလို့တောင်စိတ်ညစ်နေရသေးသတဲ့။

ထားစရာမရှိတဲ့ လူတန်းစားတွေ မြန်မာပြည်မှာ ရှိသလိုစားစရာမရှိတဲ့ လူတန်းစားတွေ လည်း တစ်ပုံတစ်ပင်။ နေစရာမရှိလို့ပလက်ဖောင်းပေါ် အိပ်ရသည်။ မီးရထားလမ်းနံဘေးက မြေလွတ်မြေရိုင်းတွေ မှာ တဲလေးထိုးပြီးနေရသည်။ တဲမထိုးနိုင်တဲ့သူက သူများ ထိုးထားတဲ့တဲမှာ နေ့တွက်ငှားခပေးပြီး နေရသည်။ မြို့ ထဲမှာ ငှားနေရတဲ့သူတွေ လည်း ကျပ်တည်းကျဉ်းမြောင်းစွာ နှင့် မိသားစုတွေ စုပြုံပြွတ်သိပ် အိပ်နေကြရ၏ ။ ယောက်ျား၊ မိန်းမယူကြပေမဲ့ ဝင်ငွေကနည်းကြလေတော့ အိမ်မငှားနိုင်။ မိဘအိမ်မှာ ပဲ ခိုကပ်နေကြရပြန်သည်။

စားရသောက်ရမဲ့ လူတွေ လမ်းတွေ ပေါ်မှာ တောင်းစားနေကြရ၏ ။ စိတ်ကျ ရောဂါ စွဲပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်စွဲ၊ ဆေးစွဲနေကြတဲ့ သားသမီးတွေ ကို မိဘလုပ်သူက တောင်းရမ်းရှာဖွေကျွေးနေရတဲ့အ ဖြစ်တွေ ကိုလည်း ကြားနေရသည်။

ရောဂါ ရနိုင်မှန်းသိလျက်နဲ့ ဈေးပေါတဲ့ စားအုန်းဆီပဲ ဝယ်စားနိုင်တဲ့ လူတန်းစားက အများ ကြီး။ ပဲပြုတ် ၁၀၀ ဖိုး၊ ဘဲဥ၊ ကြက်ဥတစ်လုံး ကန်စွန်းရွက်ကြော်တစ်ခွက်နဲ့ အသက်ဆက်ရှင်သန်နေရတဲ့အောက်ခြေလူတန်းစားတွေ က

ဒုနဲ့ဒေး။

ငါးပိနဲ့တို့စရာရှိရင် ဟင်း ဖြစ်တာပဲဆိုပြီး ထမင်းကြမ်းခဲကိုက်နေရတဲ့သူတွေ အကြောင်း ပြောရမှာ ရင်နာသည်။ ထမင်းရည်နဲ့ဆန်ပြုတ်အလှည့်ကျသောက်နေရတဲ့ မြို့စွန်မြို့ ဖျားက မိသားစုတချို့အကြောင်းကြားရတာ စိတ်မကောင်းစရာ။

ရွာတွေ မှာ လည်း မိဘလက်ထက်က လယ်ကွက်ကို နိုင်ထက်စီးနင်း သိမ်းယူသွားကြသူအချို့ကြောင့် အလုပ်ပျက်၊ ဘဝပျက်ပြီးညမနက် နပ်မှန်အောင် အပြေးအလွှား ရှာစားနေကြရတဲ့ ဆင်းရဲသားလယ်သမားတွေ အများ ကြီး။

ဟိုတုန်း ကတော့ .. ကြက်ခြင်းထဲကကြက်တွေ လို သဘောထားပြီး တစ်ကောင်ချင်းဖမ်း အရေခွံဆုတ်ခဲ့တာမို့ ကြောက်ကြောက်နဲ့ ငုံ့ခံခဲ့ကြရ၏ ။

အခုတော့ ငါ့ဝမ်းပူဆာမနေသာ၊ လုပ်စားစရာမရှိလို့ မသုံးဘဲ အဓမ္မသိမ်းထားတဲ့ လယ်မြေတွေ ပြန်ပေးပါဆိုပြီး မကြောက်မရွံ့အရေး ဆိုတောင်းကြပြီ။

လူတွေ ဟာငတ်လာရင်ဘာမဆိုလုပ်ရဲလာတယ်ဆိုတာဂျာနယ်တွေ ပေါ်မှာ တစ်စတစ်စ မြင်နေရပါပြီ။

ထားစရာမရှိနဲ့ စားစရာမရှိ လူတန်းစားနှစ် ရပ်ကို တန်းညှိဖို့လိုအပ်ပြီ။

ဘာနဲ့တန်းညှိမှာ လဲ။ မလွယ်ပါဘူး။ လုပ်သင့်လုပ်ထိုက်တာလေးလုပ်ပေးဖို့ပါပဲ။

ထားစရာမရှိ လူတန်းစားအများ စုသည် ခေတ်အဆက်ဆက်မှာ သူ့နည်းသူ့ဟန်နဲ့ အခွန်ကင်းလွတ်ခွင့်တွေ ရနေကြ၏ ။ လုပ်ငန်းကြီး၊ ငယ်၊ လတ်လေးတွေ ပဲ အခွန်ဆောင်ကြရတာ များ သည်။ တချို့အကြီးကြီးတွေ အခွန်အများ ဆုံးဆောင် နာမည်စာရင်း ၁၀၀ ထဲတွင် မပါ။ အဲဒီ ထားစရာမရှိတွေ ၏ အိမ်ခြံမြေ အရောင်းအဝယ်ကိစ္စလေးပဲအခွန်ရအောင် တောင်းကြည့်ပေးပါ။ ပြည်သူ့ဘဏ္ဍာတွေ အများ ကြီးတက်လာပါလိမ့်မည် ။

စားစရာမရှိတွေ အတွက် နေစရာရှိအောင်လေး ဖန်တီးပေးတော် မူကြပါ။

တန်ဖိုးနည်းအိမ်ရာဆိုပြီး သိန်း ၂၀၀ ပြောလိုပြော။၏ တန်ဖိုးနည်းဖုန်းဆိုပြီး ၅ သိန်း၊ ၂ သိန်း ပြောလိုပြော။ ကိုယ်ပြောတဲ့ဈေးက အောက်ခြေလူတန်းစား အနားမကပ်နိုင်တဲ့ဈေး။ ဒါ တန်ဖိုးနည်းလို့ ခေါ်သတဲ့လား။ ကိုယ့်စကား ကိုယ်ပြန်စဉ်းစားကြည့်ပြီးမှပြောသင့်သည်။

တန်ဖိုးနည်းအိမ်ရာဆိုတာ သည်ခေတ်ဈေးနဲ့ သိန်း ၅၀အောက်ကိုပြောတာ။ ရှုံးနေလား၊ သည်ဈေးနဲ့ ဘယ်သူက ဆောက်ပြီးရောင်းမှာ လဲ။

အမြတ်အစွန်းလိုချင်တဲ့သူ၊ ခွင်ဖန်ချင်တဲ့ ခရိုနီက ဘယ်သည်ဈေးနှင့် ရောင်းမတုံး။ ပြည်သူအများ စု ဝယ်နိုင်အောင်လို့ နိုင်ငံတကာအဖွဲ့ အစည်းတွေ နဲ့ အစိုးရပေါင်းပြီး ပြည်သူ့အိမ်ရာ စီမံကိန်းတွေ ဖော်ဆောင်ရမယ်လေ။ စင်ကာပူလိုပေါ့။

ခေတ်အဆက်ဆက်မှာ ပြည်သူတွေ နေထိုင်ရေး အတွက်အစိုးရက ဘာတာဝန်မှမယူခဲ့လို့ မြေမဲ့ယာမဲ့၊ အိုးမဲ့အိမ်မဲ့ ကျူး ကျော်တွေ ဗလပွနဲ့ ပြဿ နာတွေ အများကြီး ဖြစ်။ ခရိုနီတွေ က ဘာစီမံကိန်း၊ညာစီမံကိန်းအကြောင်းပြပြီး မြေတွေ သိမ်း၊ ပြီးတော့ မြေကွက်တွေ ဖော်ရောင် းစား၊ ကြီးပွားချမ်းသာသွားကြလေရဲ့ ။

ပြီးခဲ့တာတွေ ပြီးပါစေတော့။ ပေးသင့်တာတွေ ပြန်ပေးပါ။ အောက်ခြေလူတန်းစားတွေ အတွက် ပြည်သူ့အိမ်ရာ စီမံကိန်းတွေ အကောင်အထည်ဖော်ပေးပါ။

တန်ဖိုးနည်းအိမ်ရာ အမည် တပ်။ မဆောက်ခင်က ကြိုတင်ရောင် း၊ ပေါက်ဈေးထက် သက်သာတယ်ဆိုပြီး ပိုက်ဆံတတ်နိုင်တဲ့သူတွေ က အလုအယက်ဝယ်ပြီးတော့ ပြန်ရောင် းစားမယ်ဆိုတဲ့စိတ်ကူးကောင်းနဲ့ပေါ့။

တန်ဖိုးနည်းအမည် တပ်ပြီး ပေါချောင်ကောင်း ဆောက်ထားတဲ့အခန်းတွေ ငလျင်ရစ်တာစကေး ၅ လောက်တောင် ခံနိုင်ပါ့မလား။

စဉ်းစားစရာပါပဲ။

နေစရာကိစ္စပြီးရင် ပြည်သူတွေ နပ်မှန်အောင် စားနိုင်ဖို့ဘယ်သူက လုပ်ပေးမှာ

လဲ။ အစိုးရပဲပေါ့။ အချုပ်အခြာအာဏာပိုင်တဲ့ပြည်သူတွေ ထံမှ စီမံခန့်ခွဲမှု အာဏာကိုယ်စားလှယ်ယူထားတဲ့ အစိုးရမှတစ်ပါး အခြားမရှိပါခင်ဗျား။

ပြည်သူတွေ နပ်မှန်အောင်စားနိုင်ဖို့ကုန်ဈေးနှုန်းကိစ္စလေး စဉ်းစားပေးကြပါ။

ဝန်ထမ်းတွေ ရတဲ့လခနဲ့ မစားလောက်လို့ လာဘ်ပေးလာဘ်ယူ ဖြစ်နေရတယ်လို့ တချို့ပုဂ္ဂိုလ်များ က ဆိုကြသည်။

သို့ ဖြစ်၍ ဝန်ထမ်းများ ကို မ ဖြစ်မနေ လခရိက္ခာတိုးပေးဖို့လိုအပ်ပါသတဲ့။

မှန်သင့်သလောက် မှန်ပါသည်။ ဝန်ထမ်းများ ကို လစာတိုးပေးရေး ကိစ္စ မကန့်ကွက်ပါ။ သို့ သော် ကုန်ဈေးနှုန်းတက်လာမည့် အရေး မတွေ းဘဲ လခပဲ တိုးပေးလိုက်လျှင် ဝန်ထမ်းများ ရမည့် လစာသည်ဘဲစား ဘဲခြေ ဖြစ်ပြီး ဒုံရင်း … ဒုံရင်းပဲ ရှိပါလိမ့်မည် ။

အစိုးရသစ်တက်ခါစ ဝန်ထမ်းလစာ တစ်ခါတိုးပေးပြီးပါပြီ။

လစာနဲ့အတူ ကုန်ဈေးနှုန်းပါ တရိပ်ရိပ်တက်လာသဖြင့် ဝန်ထမ်းတွေ မချောင်မလည်နှင့် ဒုံရင်းပဲပြန်ရောက်ခဲ့ရသည်။

ထိုအထဲတွင် ကံဆိုးသူ မောင်ရှင် ကတော့ အောက်ခြေလူတန်းစားပဲ ဖြစ်ပါ၏ ။ အစိုးရက လခတိုးပေးသော်လည်း သူတို့ကိုတိုးပေးမည့် သူမရှိ။ ကုမ္ပဏီတွေ ကလည်း အလုပ်သိပ်မ ဖြစ်ကြသဖြင့် အများ စုမှာ လခများများ မပေးနိုင်။

ခွင်ကောင်းကောင်းရှိသူ ခရိုနီကြီးများ ၏ ကုမ္ပဏီ ဝန်ထမ်းများ ကတော့ လစာကောင်းကောင်းရကြ၏ ဟု ကြားဖူးပါသည်။

လက်လုပ်လက်စား၊ ခေါင်းရွက်ဗျပ်ထိုး တစ်နေ့လုပ် တစ်နေ့စား၊ အောက်ခြေလူတန်းစားများ ကတော့ မိုးပေါ်တက်သွားသော ကုန်ဈေးနှုန်းဒဏ်ကြောင့် လိမ့်ပိန့်ခံကြရတော့၏ ။

မသေအောင် ကြံဖန်စားနိုင်ကြသော်လည်း ကုန်ဈေးနှုန်းနှင့် အတူ

တက်လာသော အိမ်ခန်းငှားခဒဏ်ကို မခံနိုင်ကြသဖြင့် ဆင်းရဲသားအများ စုမှာ တဲပေါ်က တိုက်ပေါ်မရောက်ဘဲ လမ်းပေါ်ရောက်ကုန်ကြတော့သည်။

ယခုလည်း ဝန်ထမ်းတွေ လစာတိုးဖို့ အသံတွေ ကြားနေရပြန်သည်။ မင်္ဂလာသတင်းပါ။ သို့သော် အောက်ခြေလူတန်းစားအတွက်လည်း စဉ်းစားပေးပါ။

ကုန်ဈေးနှုန်း မိုးပေါ်တက်မသွားရအောင် အစီအမံအတားအဆီးတွေ လုပ်ပေးပါ။

ကုန်ဈေးနှုန်းဆိုတာ သူ့သဘော သူဆောင်နေတာ။ အစိုးရက ထိန်းချုပ်လို့ရတာမှ မဟုတ်တာ။ အစိုးရက သွားကိုင်လိုက်မှပိုဆိုးသွားမယ်။

ထိုစကားမှန်ပါသည်။ သို့သော် ကုန်ဈေးနှုန်းတက်စေသော အကြောင်းများ ကို အဖြေရှာပြီး အစိုးရကလုပ်ပေးနိုင်တာ အမြန်ဆုံးလုပ်ပေးဖို့ပါပဲ။

ဘာကြောင့် ကုန်ဈေးနှုန်းတက်ပါသနည်း။
ကုန်ဈေးနှုန်းတက်ရသည့်အကြောင်းများ စွာ ရှိပါ၏ ။

၁။ လျှပ်စစ်မီး အချိန်ပြည့်မရသည့် ပြဿ နာ

ကုန်ထုတ်လုပ်သည့် စက်ရုံများ တွင် ၂၄ နာရီ အချိန်ပြည့်လျှပ်စစ်မရသည့်အတွက် မီးစက်သုံးရသည်။ မီးစက်အတွက် ဓာတ်ဆီ၊ဒီဇယ်ဖိုး အပိုကုန်ကျသည်။ ထိုကုန်ကျစရိတ်ကို သူထုတ်လုပ်သည့်ကုန်ပစ္စည်းပေါ်တွင် ပေါင်းထည့်ပေးလိုက်၏ ။

ယခုလည်း ရန်ကုန်မြို့ တွင် လျှပ်စစ်ဓာတ်အား အပြည့်မပေးနိုင်သဖြင့် အိမ်တွေကို တစ်နေ့တစ်နာရီ အလှည့်ကျ မီးဖြတ်နေရသည်ဟု ဂျာနယ်တစ်စောင်တွင် ဖတ်ရသည်။ စက်ရုံ၊ အလုပ်ရုံများ ကိုတော့ ညနေ ၅ နာရီနောက်ပိုင်းမှ နောက်နေ့နံနက် ၇ နာရီအချိန်ထိ မီးသုံးစွဲခွင့်မပေးဟု ဆိုသည်။

စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီတွေ က မီးစက်မောင်း အလုပ်လုပ်ကြရသဖြင့်

လောင်စာဆီဈေးနှုန်းတွေ တက်လာသည်။ ဝယ်လိုအားများ လာသည့်အခါ ဈေးလိုက်တက်တာ သဘာဝ လို ဖြစ်နေ၏ ။

ထိုအခါ လောင်စာဆီသုံးရသော အငှားယာဉ်တွေ ဈေးတက်လာသည်။ ၁၉၉၉ ခုနှစ် တွင် ဟိုနား သည်နား ကားငှားလျှင် ၁၅ဝိ/ပေးရသည်။ ယခု ၂၀၁၃ တွင် ၁၅၀ဝိ/ တောင်း၏ ။ မပေးမလိုက်။

ကားတွေ မှာ မီတာပါတာပဲ ကျသလောက်ပေးပေါ့ဟု စာအုပ်ကြီးအတိုင်းမပြောပါနဲ့။ ကိုယ်တိုင်လုပ်သား ပြည်သူ တစ်ယောက် လို လက်တားပြီးငှားစီးကြည့်ပါဦး။ ပြောတာ မှန်မမှန် ထိုအခါ သိလာပါလိမ့်မည် ။

သယ်ယူစရိတ်တက်လာလျှင် ကုန်ဈေးနှုန်းလည်း တက်လာပါလိမ့်မည် ။

၂။ လမ်းပန်းဆက်သွယ်ရေး ပြဿ နာ

လမ်းတွေ မကောင်း၊ ယာဉ်ကြောပိတ်ဆို့ ကုန်စည်စီးဆင်းမှု တွင် ဂိတ်ကြေးတွေ ကများ ၊ မြို့ ဝင်ကြေးဆိုတာကလည်းရှိသေး။မြို့ တစ်မြို့ ကို ဖြတ်တိုင်း တိုးဂိတ်တွင် မြို့ ဝင်ကြေးကိုပါ ပေါင်းပေးရ၏ ။ရှမ်းပြည်နယ်က ဟင်းသီးဟင်းရွက် ရန်ကုန်ရောက်လျှင် ဈေးအဆမတန်တက်သွား၏ ။ မြို့ ပေါင်းများ စွာ ဖြတ်သန်းခဲ့ရသော ဂိတ်ကြေးတွေ ကြောင့် ဖြစ်မည် ထင်သည်။

၃။ လာဘ်ပေးလာဘ်ယူ ပြဿ နာ

တချို့သော ကုန်ပစ္စည်းများ အလွယ်တကူ မစီးဆင်းနိုင်။

ဥပမာ- မီးသွေးဆိုပါစို့။ ရန်ကုန် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ရောက်လျှင် မူလဈေးထက် များ စွာ ပိုသည်။

မပေးမ ဖြစ် နေရာများ တွင် ပေးခဲ့ရသော ကြောင့် ဖြစ်ပါ၏ ။ မြန်မာပြည်တွင် းသို့ ကုန်တင်သွင်းလျှင် ကုန်စည်ဝင်ပေါက်တိုင်းတွင် ချောဆီထည့်မှ အဆင်ပြေသည်ဟု ပြောစမှတ် ဖြစ်ခဲ့၏ ။

၄။ ကုန်ပစ္စည်းတိုင်း ပါမစ်မလိုဘဲ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ပြဿနာ

တစ်ခါတုန်းက ဆန်ပို့ခွင့်၊ ဆီတင်သွင်းခွင့် စသည်တို့ကို ခရိုနီကြီးများ ၏ ကုမ္ပဏီကသာ ပါမစ်ရှိပြီး အခြားသူများ လုပ်၍ မရ။

ထို့ကြောင့် ဝယ်ဈေးရောင်းဈေးသည် ခရိုနီကြီးများ လက်ထဲတွင် ရှိနေ၏ ။ ယခုတော့ ပါမစ်မလိုဘဲ သွင်းနိုင်ပို့နိုင်သည်ဟု အသံကြားရသည်။ ကြိုဆိုပါ၏ ။

အထက်ပါအချက်များ ကို ရေး ကြီးခွင်ကျယ်လုပ်ပြီး ပြောနေတယ်။ ငါတို့ သိပြီးသား၊ လုပ်ပေးနေတာပဲ မဟုတ်လား။

မှန်ပါ၏ ။ တချို့ကိစ္စများ အပေါ်မှာ တင် ဖြစ်နေပါသည်၊ အောက်ခြေအထိ မရောက်သေး။ ၂ နှစ် သက်တမ်းရှိပါပြီ။ အောက်ခြေကို ရောက်ဖို့ကောင်းပြီ။ အပေါ်အောက် ချိတ်မိရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေ၍ လားမသိ။

ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး ကြိုး ပမ်းနေချိန်မှာ ကုန်ဈေးနှုန်းကို လျစ်လျူရှုမထားပါနှင့် ။

နောက်တစ်ကြိမ်သဘာဝ ဓာတ်ငွေ့တွင်း များ ထပ်တွေ့ခဲ့လျှင် ဓာတ်ငွေ့သုံးစက်ရုံများ တည်ဆောက်ပြီး ပြည်သူတွေ ကို ထမင်းကျွေးပါ။

ကုန်ဈေးနှုန်းကြီးမြင့်မှု ၊ လူမှု ဘဝနိမ့်ကျမှု ကို ဖြစ်စေသော လျှပ်စစ်မီးပြဿနာကို ယခုထက်ပိုပြီး အလေးထားဆောင်ရွက်ပေးပါ။ တိုင်းပြည်မှ အလျှံပယ်ထွက်နေသော သဘာဝ သယံဇာတများ ကို နိုင်ငံတော် က ထိန်းချုပ်လုပ်ကိုင်ပြီး နိုင်ငံဘဏ္ဍာကိုဖြည့်တင်းပေးပါ။

စနစ်ကျကောင်းမွန်သော အခွန်ကောက်ခံရေး စနစ်၊ ဘဏ်စနစ်များ မရှိဘဲ ပြည်သူများ က ထမ်းဆောင်သော အခွန်အခဖြင့် တိုင်းပြည်ကို ဖွံ့ဖြိုး

အောင်မလုပ်နိုင်သေးပါ။

မြန်မာပြည် နေရာအနှံ့အပြား ရွှေတွေ ထွက်နေပါသည်။

နိုင်ငံတော် က မစို့မပို့ရပြီး လူမျိုးခြားနဲ့ တိုင်းပြည်ရောင် းစား စီးပွားရေး သမားလက်ထဲ ဝကွက်အပ်ထားတာမျိုးမ ဖြစ်အောင် ရိုးသားဖြောင့်မတ်စွာ ဖြင့် စီမံဆောင်ရွက်ပေးကြပါ။

ယခုလောလောဆယ် ဒေါ်လာဈေး ပြန်တက်လာသဖြင့် ဂူဖရီးစက္ကူတစ်ထုပ်ကို ၁၀၀၀ ကျပ်ကျော် ဈေးတက်လာပါသည်။

ဒေါ်လာနှင့် တင်သွင်းရသော တခြားကုန်ပစ္စည်းများ လည်း ဈေးတက်မှာ သေချာပါသည်။ ဒေါ်လာဈေးထပ်တက်လျှင် တရားဝင်တင်သွင်းသော ကုန်ပစ္စည်းမှန်သမျှ ဈေးထပ်မြင့်ပါလိမ့်မည် ။

ဆောက်လုပ်ရေး လုပ်ငန်းအတွက် တင်သွင်းသော ကုန်ပစ္စည်းတွေ ဈေးတက်သွားလျှင် တိုက်ခန်းတန်ဖိုးတွေ တက်သွားလိမ့်မည် ။ ထိုအခါ တိုက်ခန်းငှားရမ်းခတွေ တက်သွားပြီး ကုမ္ပဏီဝန်ထမ်းတွေ ၊လူလတ်တန်းစားတွေ ၊ အိမ်ခန်းမရသော အစိုးရဝန်ထမ်းတွေ အခန်းငှားခနှင့် လစာကုန်သွားနိုင်ပါသည်။

တရားဝင်တင်သွင်းသော ဆေးနှင့် ဆေးပစ္စည်းတွေ ဒေါ်လာဈေးတက်လာသော ကြောင့် ဈေးတက် သွားပါလိမ့်မည် ။ ထိုအခါပုဂ္ဂလိကဆေးရုံဆေးခန်းတွေ က ဆေးကိုအကြောင်းပြု၍ ဈေးတိုးတောင်းပါလိမ့်မယ်။

ကျန်းမာရေး ဗဟုသုတမရှိ။ သိသော်လည်း မရှောင်သာ၍ ဘေး ဖြစ်စေမည့် အစားအစာကို စားရပြီး အာဟာရပြည့်ဝစွာ ဝယ်မစားနိုင်သည့် ဆင်းရဲသားအများ စုသာ ဆေးနှင့်ဆေးပစ္စည်းဈေးကြီးမြင့်မှု ဒဏ်ကို ခံစားရပါလိမ့်မည် ။

ထို့ကြောင့် ဝန်ထမ်းတွေ ကို လစာတိုးပေးဖို့ ကြိုဆိုပါသည်။

သို့သော် မြန်မာငွေဖောင်းပွ၊ ဒေါ်လာဈေးတွေ မြောက်တက်၊ နေစရိတ်၊

စားစရိတ်တွေ အဆမတန် မြင့်တက်လာမှာ စိုးပါသည်။

ယခုလောလောဆယ် ဝန်ထမ်းတွေ ကို လစာတိုးပေးမည့် အစား စင်ကာပူမှာ လို ဝန်ထမ်းတိုင်းနေစရာ အခန်းဖန်တီးပေးမည် ။

အခန်းတိုင်းတွင် ချက်စရာခါတ်ငွေ့လိုင်း၊ တယ်လီဖုန်းလိုင်း၊ တီဗွီလိုင်းနှင့် ရေမီးအပြည့်အစုံလေးပေးစေချင်ပါသည်။

ဝန်ထမ်းတိုင်းကို ဌာနဆိုင်ရာ ကြိုပို့ကားများ ဖြင့် ရုံးတက်ရုံးဆင်းတာဝန်ယူပို့ပေးနိုင်အောင် ကြိုး ပမ်းစေချင်ပါသည်။

ရုံးတိုင်း၊ ဌာနတိုင်းတွင် ဝန်ထမ်းများ အတွက် သက်သာချောင်ချိရေး ဆိုင်ဖွင့်ပြီး တစ်နပ်လျှင် ၅၀၀ နှုန်းမျိုးဖြင့် ပိုက်ဆံကတ်ဖြင့်ဝယ်စားရသော ဆိုင်မျိုး ဖန်တီးပေးပါ။

မဆလလက်ထက် သက်သာချောင်ချိရေး ဆိုင်မျိုး မဟုတ်ပါ။ဝန်ထမ်းတွေ ကိုယ့်အလုပ်ကိုယ် မလုပ်ဘဲ၊ ကိုယ်မကျွမ်းကျင်သည့်အလုပ်ကို အရှုံးပေါ် အရင်းပြု တ်မလုပ်စေသင့်ပါ။

တင်ဒါခေါ်ပါ။ ကန်ထရိုက်ပေးပါ။ အစိုးရက တစ်ဝက်သို့ မဟုတ် သုံးပုံတစ်ပုံ ကုန်ကျခံပြီး ကျွေးပါ။

ထို့အတွက် အစိုးရက ငွေမရှိ၍ ဌာနဆိုင်ရာရန် ပုံငွေရှာခိုင်းဖို့ စိတ်မကူးသင့်ပါ။ ရန်ပုံငွေရှာခြင်းသည် သွယ်ဝိုက်သော နည်းအားဖြင့် လာဘ်တောင်းခံခြင်း ဖြစ်ပါသည်။ ရန်ပုံငွေများများ ထည့်ပေးသူကထိုဌာနတွင် သူ့ကိုယ်ကျိုးစီးပွား အကြီးကြီးရှိနေ၍ ပဲ ဖြစ်မည် ။

ဌာနသက်သာချောင်ချိရေး ဆိုင်ကို အရည်အသွေး မီ၊ မမီသန့်ရှင်းကောင်းမွန်သော အစားအသောက် ဖြစ်၊ မ ဖြစ်၊ ဌာနကအဖွဲ့ဖွဲ့ပြီး ကြီးကြပ်ကွပ်ကဲရပါမည် ။ ထိုကြီးကြပ်ရေး အဖွဲ့ကို ဝန်ထမ်းအများ စုမဲဖြင့် ရွေးချယ်ပေးရပါမည် ။ သို့မဟုတ်လျှင် ထိုအဖွဲ့နှင့် ဆိုင်ရှင်လက်ဝါးချင်းရိုက်ပြီး

ပေါချောင်ကောင်းတွေ ကျေးမှာ စိုးလို့ ဖြစ်ပါသည်။

ဝန်ထမ်းတွေ မချက်မပြုတ်ရဘဲ နေ့လယ်စာ စားသောက်ရပြီး၊ အပြန်ဟင်းဝယ်သွားလို့ရလျှင် အချိန်တွေ အများ ကြီးပိုထွက်လာမည် ။

ထင်း၊ လောင်စာ၊ လျှပ်စစ်တွေ အများ ကြီး သက်သာ သွားပါမည် ။ ဝန်ထမ်းများ အတွက် သမားတော် ကြီးတွေ အလှည့်ကျထိုင်သည့် ဆေးပေးခန်း ရုံးတိုင်း၊ ဌာနတိုင်းတွင် ဖန်တီးပေးထားရပါမည် ။

သို့ မဟုတ် ပုဂ္ဂလိက အထူးကုဆေးရုံများ နှင့် ချိတ်ဆက်ထားပေးပြီးဝန်ထမ်းမိသားစုကိုပါ အခမဲ့ သို့မဟုတ် စရိတ်မျှပေးစနစ်ဖြင့် ကုသခွင့်ပေးစေလိုပါသည်။

ဝန်ထမ်းဝတ်စုံ နှစ် စုံ နှစ် စဉ် အခမဲ့ ထောက်ပံ့ပေးရပါမည် ။

စုတ်ပြဲရိနွမ်းလျှင် အသစ်လဲပေးရပါမည် ။

ကျွန်တော့် တင်ပြချက်တွေ ကို ဖတ်ကြည့်ပြီး ဒါတွေ တို့ ...သိတာပေါ့။ ပိုက်ဆံမရှိလို့ လုပ်မပေးနိုင်တာဟု ပြောကောင်း ပြောပါလိမ့်မည် ။

ကျွန်တော် တို့ မြန်မာတွေ ဉာဏ်ကောင်းပါသည်။ ပိုက်ဆံမရှိဘဲ မီးထိန်ထိန်လင်းနေသည့် ထယ်ဝါခံ့ညားသော အဆောက်အအုံတွေ ပြည့်နေသည့် ဒုတိယရွှေတိဂုံလိုစေတီမျိုးရှိနေသည့် နေပြည်တော် လိုမြို့ တော် ကြီးတစ်မြို့ ကို ၅ နှစ် အတွင်း း တည်ဆောက်ပြသနိုင်ခဲ့ပြီကော။

ဝန်ထမ်းကိစ္စအသေးအဖွဲလေးပါ။ လုပ်ချင်လျှင် ဖြစ်ပါသည်။

လုပ်ပေးချင်သည့် စိတ်စေတနာရှိဖို့ပဲ လိုသည်။

ဝန်ထမ်းတွေ နေရေး ၊ ထိုင်ရေး အဆင်ပြေ၊ သူတို့မလုပ်ချင်သော လာဘ်ပေးလာဘ်ယူနှင့် ကင်းရှင်းပြီး ဂုဏ်သိက္ခာရှိစွာ တာဝန်ကျေကျေလုပ်ပေးကြလျှင် ပြည်သူတွေ ပျော်ပြီး ခေါင်းမော်နိုင်ပါလိမ့်မည် ။

အကျင့်ပျက်လာဘ်စားမှု တွေ ကင်းလျှင် ပြည်သူတွေ အဆင်ပြေပြေနေနိုင်ပါလိမ့်မည်။ ဆင်းရဲမွဲတေမှု ကိုလည်း တိုက်ဖျက်နိုင်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဆင်းရဲမွဲတေမှု ကို တိုက်ဖျက်ပေးမည့် သူများ ကား ပြည်သူ့လစာယူထားကြသည့် ပြည်သူ့ဝန်ထမ်းများ ဖြစ်ပါ၏။

ဝန်ထမ်းကောင်းမှ အစိုးရအဖွဲ့ကောင်းမည်။

အစိုးရအဖွဲ့ကောင်းမှ တိုင်းပြည်ကောင်းမည်။

တိုင်းပြည်ကောင်းမှ ပြည်သူအပေါင်း ဆင်းရဲမွဲတေခြင်းမှလွတ်ကင်းကြမည် ဖြစ်ပါ၏။

•••